# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁) ရက် ၊ တနင်္လာနေ့ ၊ (25-3-2024) ၊ အတွဲ (၃၂)၊ အမှတ် (၃၃၀)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မော်လမြိုင်မြို့ ဗုဒ္ဓသာသနသီပွံကျောင်းနှင့် စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၂၄**

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော်

**စာမျက်နှာ ၁၇ ကော်လံ ၁သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ရာသီဥတုပြောင်းလဲမှုဘေးအန္တရာယ်လျှော့ပါးရေး

မျက်မှောက်ကာလ၌ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နိုင်ငံအများကြုံတွေ့ခံစားနေကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ပြည်သူများ ဆိုးကျိုးများကိုဆက်လက်၍လည်း ပိုမိုဆိုးရွားစွာတွေ့ကြုံခံစားနေကြရဦးမည်ဖြစ်ပေသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကြောင့် တွေ့ကြုံခံစားနေရသော ဘေးအန္တရာယ်များလျှော့ပါးရေးကို ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသနှင့်ဇလဗေဒ၊ ရာသီဥတုဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ပိုမိုဖြစ်ပွားလျက်ရှိရာ အထူးသဖြင့် ကျွန်းနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးဖြစ်သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ် မှ ၂၀၂၃ ခုနှစ်ထိ ကိုးနှစ်တာကာလသည် အပူဆုံးကိုးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အပူချိန် မြင့်တက်လာမှုများကြောင့် သမုဒ္ဒရာများပူနွေးလာခြင်း၊ ရေခဲတောင်များနှင့်ရေခဲလွှာများ အရည်ပျော်ခြင်းတို့ဖြစ်ပေါ်စေပြီး ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၁၉၉၃ ခုနှစ်မှ ယနေ့အချိန်ထိ မှတ်တမ်းများအရ ၂၀၂၃ ခုနှစ်တွင် စံချိန်တင်မြင့်တက်လာသည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ ခုနှစ်သည် အားအသင့်အတင့်မှ အားကောင်းသော အယ်နီညိုနှစ်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အပူချိန်စံချိန်သစ်များတင်ခဲ့ကာ ၂၀၂၄ ခုနှစ်သည်လည်း ၂၀၂၃ ခုနှစ်ထက် ပိုမိုပူပြင်းလာနိုင်မည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားပါသည်။

အလားတူ အယ်နီညိုဖြစ်စဉ်ကြောင့်လည်း ကမ္ဘာ့အရပ်ရပ်ရှိ မိုးလေဝသနှင့်ရာသီဥတုဖြစ်စဉ်များအပေါ် သက်ရောက်မှုရှိသည့်အတွက် မြန်မာနိုင်ငံတွင် နွေကာလ၌ ပူပြင်းခြောက်သွေ့ခြင်းနှင့် မိုးခေါင်၍ရေရှားပါးမှုပြဿနာများကြုံတွေ့ရခြင်း၊ မိုးကာလများတွင်အနောက်တောင်မုတ်သုံလေအဝင်နောက်ကျခြင်း၊ မုတ်သုံလေ အားနည်းခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမူမမှန်ခြင်း စသည့်အစွန်းရောက်မိုးလေဝသနှင့်ရာသီဥတုဆိုင်ရာပြဿနာများကြုံတွေ့ရတတ်ပေသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ မြစ်ချောင်းများရေခန်းခြောက်မှုနှင့် သဲကန္တာရဖြစ်ထွန်းမှုများ ပိုမိုများပြားလျက်ရှိသည်။ရာသီဥတုပြောင်းလဲလာ၍ မြေမျက်နှာပြင် မြစ်ချောင်းအင်းအိုင်၊ ရေကန်တို့၏မျက်နှာပြင်တွင် အငွေ့ပြန်မှုပိုမိုဖြစ်ပွားသည်။ အပူချိန်များသောဒေသများရှိ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများတွင် ရေပိုမိုသုံးစွဲရသည်။ ထိုသို့ ကမ္ဘာကြီးသည် တစ်နေ့တခြား ပိုမိုပူနွေးလာမှုကြောင့် နောက်ဆက်တွဲပြဿနာများတွင် အဆိုးရွားဆုံးနှင့် အဓိကရင်ဆိုင်ရမည့် ပြဿနာမှာ ရေရှားပါးမှုပြဿနာဖြစ်သည်။ မိုးခေါင်ရေရှားမှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာမှုကြောင့် လာမည့်နှစ်များအတွင်း ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာသည် ရေအငတ်ဘေးကြုံတွေ့ရလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များနှင့်ဘေးအန္တရာယ်များ လျှော့ပါးသက်သာစေပြီး နောင်အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ရာသီဥတုများပိုင်ဆိုင်နိုင်စေရန် လူသားတိုင်းအနေဖြင့် သစ်တောခုတ်ယူသုံးစွဲမှုများကိုလျှော့ချ၍ သစ်တောသစ်ပင်များကို ထိန်းသိမ်းပြီး သစ်ပင်စိုက်ပျိုးကြရမည်ဖြစ်သကဲ့သို့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချခြင်း၊ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# တပေါင်းလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး မတ် ၂၄**

မန္တလေးမြို့ရှိ အထင်ကရတန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တပေါင်းလပြည့်နေ့(ယနေ့)တွင် နယ်စုံမှလာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တပေါင်းလပြည့်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

“မဟာမုနိရုပ်ရှင်တော် တပေါင်းပွဲတော်ကို ဒီနေ့လပြည့်နေ့မှာဆိုရင် ရင်ပြင်တော်ပေါ်မှာ ဆီမီး ၁၀၀၀၀ ပူဇော်ခဲ့တယ်။ ၄၅ တာကွင်းအတွင်းမှာလဲ နိဗ္ဗာန်ဈေးပွဲတော်တွေ၊ စတုဒိသာကျွေးမွေးတာတွေ၊ သဲပုံစေတီတော် တည်ထားတာတွေ ပြုလုပ်ခဲ့တယ်။ အငြိမ့်သဘင် ပျော်ပွဲရွှင်ပွဲတွေနဲ့ ညနေ ၆ နာရီကနေစတင်ပြီး စည်ကားစွာကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီနေ့တပေါင်းလပြည့်နေ့မှာ နယ်စုံကလာရောက်ဖူးမြော်သူတွေနဲ့ကော မြို့ပေါ်ကလာရောက် ဖူးမြော်သူတွေနဲ့ပါ စည်ကားနေပါတယ်။ ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေနဲ့လဲ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေမှာလဲ ဝင်ရောက်လေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်။ ရောင်းချနေတဲ့ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်”ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၉၄၇၄၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစတင်၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# အမျိုးသားဇာတ်ရုံ(မန္တလေး)ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ယာယီပိတ်ထားမည်

**မန္တလေး မတ် ၂၄**

အမျိုးသားဇာတ်ရုံ(မန္တလေး)ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အမျိုးသားဇာတ်ရုံ(မန္တလေး) အင်ဂျင်နီယာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဆွေက ပြောပြ၍သိရသည်။

မန္တလေးမြို့တွင် ဂီတဖျော်ဖြေပွဲ၊ ဟောပြောပွဲ စသည့်ပွဲများကို အမျိုးသားဇာတ်ရုံ(မန္တလေး)၌ ကျင်းပပြုလုပ်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ယခုလက်ရှိ ငှားရမ်း ပေးလျက်ရှိကြောင်း၊ သို့သော် လာမည့်ဧပြီလ၌ ကျင်းပမည့် သင်္ကြန်ကာလရုံးပိတ်ရက်များတွင် အမျိုးသားဇာတ်ရုံ(မန္တလေး)ကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

“အခုက နွေကာလကို စတင်ဝင်ရောက်လာပြီဆိုတော့ အမျိုးသားဇာတ်ရုံ (မန္တလေး)မှာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက်လဲ မီးသတ်ဆေးဘူးတွေနဲ့ လျှပ်စစ်မီးကြိုးတွေကို လိုက်လံစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ အမျိုးသားဇာတ်ရုံ (မန္တလေး)မှာတော့ ပြည်ပနိုင်ငံတွေရဲ့ ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲတွေ၊ အစိုးရဌာနတွေရဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဘာသာရေးဆိုင်ရာ အခမ်းအနားတွေ၊ ဆုချီးမြှင့်ပွဲအခမ်းအနားတွေ၊ အနုပညာလက်ရာ ပြပွဲ၊ ပြိုင်ပွဲတွေ၊ တေးဂီတဖျော်ဖြေပွဲတွေ အများဆုံး ကျင်းပပြုလုပ်လေ့ရှိပါတယ်။ သင်္ကြန်ကာလ ရုံးပိတ်ရက်တွေမှာတော့ ငှားရမ်းမှုတွေ ယာယီရပ်ဆိုင်းထားမှာပါ”ဟု ဦးသက်ဆွေက ပြောပြသည်။

အမျိုးသားဇာတ်ရုံ(မန္တလေး)ကို သင်္ကြန်ကာလ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့ထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ဧပြီ ၁၈ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ငှားရမ်းမှုများကိုလည်း ပြန်လည်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားဇာတ်ရုံ(မန္တလေး)ကို ယခုလက်ရှိ ငှားရမ်းမည်ဆိုပါက တစ်ပွဲလျှင် ငွေကျပ် သိန်း ၂၀ နှုန်းဖြင့် ငှားရမ်းပေးနေပြီး ပွဲကြည့်ပရိသတ်စုစုပေါင်း ၁၀၀၉ ဦး ထိုင်ဝင်ဆံ့ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း နေလှည့်စေ့များ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး မတ် ၂၄**

မန္တလေးဈေးကွက်အတွင်း နေလှည့်စေ့များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

နေလှည့်စေ့များသည် အထက်အညာဒေသတွင် ကြက်သွန်ခင်း၊ ချေတ်ခင်းနှင့် ကုလားပဲခင်းများကြား၌ အလေ့ကျပေါက်ရောက်နေသော နေလှည့်ပင်များမှထွက်ရှိကြောင်း၊ နေလှည့်စေ့များသည် ယခုအခါ မန္တလေးဈေးကွက်အတွင်းသို့ ပုလဲ၊ ယင်းမာပင်၊ ဝမ်းတွင်း၊ သဲတော၊ သာစည်၊ ပျော်ဘွယ်ဒေသတို့မှဝင်ရောက်လာကြောင်း၊ ယခုအချိန်တွင် တရုတ်နိုင်ငံကဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း တစ်ရက်လျှင် နေလှည့်စေ့ ပိဿာချိန် ၅၀၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်နေပြီး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိ ဈေးရရှိကြောင်း သိရသည်။

“အရင်ကတော့ အခုလို ဆောင်းသီးနှံတွေ ရိတ်သိမ်းချိန်မှာ ကုလားပဲခင်း၊ချေတ်ခင်းနဲ့ကြက်သွန်ခင်းတွေမှာ အလေ့ကျပေါက်ရောက်နေတဲ့ နေလှည့်ပင်တွေဟာ ဖျက်ဆီးတာခံရပေမဲ့ အခုအခါမှာတော့ ပြည်ပရောင်းတမ်းဝင်အဖြစ် တရုတ်နိုင်ငံက ဝယ်ယူလာမှုကြောင့် ပြည်တွင်းဈေးကွက်အတွင်းမှာလဲ အရောင်းအဝယ်တွေ နှစ်စဉ်ကောင်းနေပါတယ်”ဟု စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ နေလှည့်စေ့များသည် အထက်အညာဒေသတွင် ဆောင်းရာသီ၌ထွက်ရှိသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှလည်း ထွက်ရှိလေ့ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရှူးမြို့နယ် ဝိန်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းရှူး မတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားစံကျေးရွာအုပ်စု ဝိန်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝိန်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝိန်းကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၈ သိန်းထိ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း ထံမှ သိရသည်။ **ရှိုသန်းညွန့်**

# စလင်းမြို့နယ် ပေါက်မကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စလင်း မတ် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းရင်းကျေးရွာအုပ်စု ပေါက်မကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ကိုကိုနှင့် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုးသူ နှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ပေါက်မကျေးရွာ၌ 3 HP Submersible Pump+ 5.4KW Solar+ 4 KW Inverter တပ်ဆင်ထားရှိမှုများ၊ ရေထွက်နှုန်း အနေအထားများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဦးအောင်ကိုကိုက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပေါက်မကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂၅၃၄ သန်းဖြင့် AGT ကုမ္ပဏီက ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းသန်းဖိုး**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း သီးထပ်ရင်စပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ သီးထပ်ရင်စပါးအမျိုးအစားတင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီလအတွင်းက သီးထပ်ရင်စပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ မအူပင်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုမြင့်တက်လာတာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလဲ ကောင်းနေပါတယ်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို သီးထပ်ရင်စပါးက အဝယ်လိုက်နေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၈၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# စဉ့်ကူးမြို့နယ် ဒိုးပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒိုးပင်ကုန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒိုးပင်ကုန်းကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲများတွင် ၂၃၄၄၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲများတွင် ၂၃၄၄၈ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောကုလားပဲစိုက်ခင်းများကို ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၃၄၄၈ ဧကထိ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၃ ဒသမ ၆၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက စစ်ကိုင်းမြို့နယ်မှာ ကုလားပဲ ၂၆၉၀၉ ဧကစိုက်ပျိုးထားပါတယ်။ ဒီနေ့ထိ ၂၃၄၄၈ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုလဲ ဆက်လက် ရိတ်သိမ်းနေပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ စတာတွေကိုတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးကပြောပြသည်။

စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၂၈၀၆၄ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၆၉၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့်ရေဆင်း (၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# နာမည် တစ်လုံး

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

စာရေးသူရဲ့ ကလောင်နာမည်က ချစ်နိုင်(စိတ်ပညာ)ဖြစ်ပါတယ်။ ချစ်နိုင်ဆိုတာက အဖေ၊ အမေပေးခဲ့တဲ့ ငယ်နာမည်ပါ။ ရွာမှာ ချစ်ပါတဲ့အမည်ရှိသူတွေ တော်တော်များတာ ငယ်စဉ်ကတည်းက သတိထားမိပါတယ်။ ကျောင်းဆရာ ဦးချစ်ကြွယ်၊ ဆရာဦးချစ်မောင်၊ ဆရာဦးချစ်ရွှေ၊ ရွာမှာပဲ တောင်သူတွေ၊ ရေနံမြေအလုပ်သမားလုပ်တဲ့သူတွေလည်း ရှိကြပါတယ်။ ကိုချစ်အောင်၊ ကိုချစ်ဖေ၊ ကိုချစ်အေး၊ ကိုချစ်ထွေး၊ ကိုချစ်တင်၊ ကိုချစ်စိန်၊ ကိုဖိုးချစ်။ မွေးရပ်ဇာတိရွာမှာ ငယ်ငယ်က မှတ်မိသလောက်ပြောပြတာပေါ့။ အမျိုးသမီးတွေလည်းရှိကြပါတယ်။ မချစ်တဲ့၊ မချစ်မယ်တဲ့၊ မလှချစ်တဲ့၊ မအေးချစ်တဲ့၊ မဝိုင်းချစ်တဲ့။ ရှိဦးမှာပါ။ အိမ်နီးချင်းနဲ့ နီးစပ်ရာဆွေမျိုးတွေထဲက စိတ်ထဲပေါ်ရာ တစ်ဒါဇင်ကျော်တယ်။ အညာတောမလေ့ **ချစ်**ကို ကြိုက်ကြသနော်။

ချစ်နိုင်ဆိုတဲ့အမည်ကို ဆယ့်တစ်ရာစု၊ ဆယ့်နှစ်ရာစု ပုဂံခေတ်ကျောက်စာတွေမှာ တွေ့ရဖူးတယ်လို့ သမိုင်းသုတေသနပညာရှင် ဆရာကြီးသိန်းသန်းထွန်းက စာရေးသူကို ပြောပြဖူးပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်လောက်ကပါ။ ကျောက်စာထဲမှာ ချစ်နိုင်ဆိုသူက ဘာဖြစ်လို့ပါတာလဲလို့ မေးကြည့်တဲ့အခါ အလှူဒါနပြုတဲ့ အလှူရှင်အမည်စာရင်းထဲမှာ တွေ့ရတာပါတဲ့။ ဆရာကြီးက ရပ်စောက်မြို့ အုတ်တံတားရပ်ကွက်မှာ အဲဒီတုန်းက နေထိုင်ပါတယ်။

စာရေးသူတို့ ဗထူးတပ်မြို့မှာ တိုက်ခိုက်ရေးကျောင်းသင်တန်းသွားတက်စဉ်က မိမိနဲ့တစ်ပတ်စဉ်တည်း သူငယ်ချင်းအရာရှိတွေလည်း ကျောင်းအားရက် ရပ်စောက်ဈေးထဲသွားလည်ရင်း ဆရာကြီးအိမ် သွားလည်လေ့ရှိပါတယ်။ သူငယ်ချင်း ဗိုလ်မှူး မြင့်အုန်း၊ ဗိုလ်မှူး အောင်ကြည်၊ ဗိုလ်မှူး မောင်မောင်အေးတို့က သူတို့ရဲ့အမည်ကော ကျောက်စာထဲမှာ တွေ့ဖူးပါလားမေးကြ။

ဆရာကြီးက "မတွေ့ဖူးဘူး"တဲ့။ အားလုံးရယ်ကြရတယ်။ "မင်းတို့က ကိုချစ်နိုင်လို ဘုရားဒကာမဖြစ်ခဲ့လို့ နာမည်မှတ်တမ်းမကျန်တာပေါ့ကွာ"လို့ ဗိုလ်မှူး စိုးဝင်းတို့၊ ဗိုလ်မှူး သိုက်ထွန်းတို့က နောက်ပါတယ်။ "ဒီကိုချစ်နိုင်က ပုဂံခေတ်က ချစ်နိုင်အမည်ရှိတဲ့ အလှူရှင်လို စေတနာကောင်းရင် ကန္ဒေဈေးထဲရောက်တဲ့အခါ ရှမ်းခေါက်ဆွဲ ဒကာခံကွာ" ရောက်တတ်ရာရာပြောကြရင်းနဲ့ မှတ်မှတ်ရရ မိမိက ဒါနစေတနာထက်သန်စွာ သူငယ်ချင်းတစ်စုကို မနက်စာရှမ်းခေါက်ဆွဲတို့၊ တိုဟူးကြော်တို့ ဒကာခံကျွေးမွေးခဲ့မိပါတယ်။ မိမိနာမည်က ရှေးနှစ်ပေါင်း ရှစ်ရာ ကိုးရာဆီ၊ ဟိုး . . . ပုဂံခေတ်ကတည်းက ရှိဖူးတဲ့ ရှေးဟောင်းနာမည်ဆိုတာ သိလိုက်ရလို့ ဝမ်းသာကြည်နူးပြီး အလှူအတန်းပေးခဲ့တယ်။

**ကလောင်နာမည်**

စာရေးတဲ့အခါမှာလည်း အချို့ဆရာတွေလို ကလောင်အမည်အသစ်မရှာတော့ပါဘူး။ ငယ်နာမည်နဲ့ မိမိတက္ကသိုလ်မှာ လေးနှစ်ဆည်းပူးခဲ့တဲ့ စိတ်ပညာကို တစ်သက်လုံးဆက်လက်လေ့လာသင်ယူမယ်ဆိုတဲ့ စိတ်ကူးနဲ့ အမည်နောက်က (စိတ်ပညာ)လို့ ကွင်းစကွင်းပိတ်နဲ့ ထည့်ခဲ့ပါတယ်။

ဦးကျော်က **ပီမိုးနင်း**ဖြစ်လာတယ်။
ဦးဖေသိန်းက **ရွှေဥဒေါင်း**
ဦးတင်က **ဒဂုန်ရွှေမျှား**
ဦးသန်းတင်က **ရွှေဝံ**
ဦးသောင်းတင်က **ကြပ်ကလေး**
ဦးခင်မောင်တင့်က **တက္ကသိုလ်ဘုန်းနိုင်**
ဦးတင်လှိုင်က **လယ်တွင်းသားစောချစ်**
လူနာမည်နဲ့ ကလောင်အမည်မတူကြပါ။
အမည် ဦးသိန်းဖေက စာရေးရာမှာ **သိန်းဖေမြင့်** (သူ့အမေက ဒေါ်မြင့်မို့တဲ့)
အမည် ဦးမြသန်းက စာရေးတဲ့အခါ **မြသန်းတင့်** (သူ့အဖေက ဦးပေါ်တင့်မို့တဲ့)

ဆရာဦးတင်လှိုင် ကလောင်အမည် လယ်တွင်းသားစောချစ် ယူခြင်းအကြောင်းက ရွှေခေတ်က လယ်တွင်းကိုးခရိုင်ခေါ်ခဲ့တဲ့ ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ထန်းတောရွာဇာတိ ဂုဏ်ယူတာ။ မိခင် ဒေါ်စောတင် (မူလတန်းပြဆရာမ)အမည်နဲ့ ဖခင် ဦးချစ်စိန် (လယ်သမား)ကို ချစ်မြတ်နိုးစွာ ဂုဏ်တင်လိုတဲ့အတွက် စော+ချစ် အမည်မှည့်ခေါ်ပါသတဲ့။ မိခင်၊ ဖခင်အမည် ထည့်ထားလို့လားမသိ။ ဆရာဦးတင်လှိုင်ဟာ သူတစ်ပါးကို ထိပါးပုတ်ခတ်တဲ့စာမျိုး ဘယ်တော့မှမရေး၊ မတော်တဆထိခိုက်မှာမျိုးမရှိစေရအောင် သတိထားပြီး အကုသိုလ်ကင်းအောင်ရှောင်ပါတယ်။

**စိတ်ပညာ**

မိမိက စိတ်ပညာကို လိုလားနှစ်သက်လို့ သင်ယူဆည်းပူးခဲ့တဲ့ဘာသာရပ်မို့ ကိုယ့်အမည်မှာထည့်တာပါ။ ဘဝတစ်သက်တာလုံး စိတ်ပညာအကြောင်း ပို၍ပို၍သိအောင် လေ့လာမယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ စိတ်ပညာကို မိမိအမှုထမ်းခဲ့တဲ့လုပ်ငန်းတာဝန်မှာလည်း လက်တွေ့အသုံးချခဲ့ရပါတယ်။ ခေါင်းဆောင်မှု၊ ဆက်ဆံရေး၊ အုပ်ချုပ်ရေး၊ စီမံရေး၊ အရာရှိလောင်း၊ စစ်ဆေးရွေးချယ်ရေး၊ လေ့ကျင့်ရေး စတဲ့နယ်ပယ်တွေမှာ စိတ်ပညာသင်ယူခဲ့ရတဲ့အတွက် အဆင်ပြေအကျိုးရှိခဲ့ပါတယ်။ စိတ်ပညာပင်လယ်သမုဒ္ဒရာထဲက ရေတစ်စက်ပဲဖြစ်စေ မိမိအတွက်တော့ လေးနက်တန်ဖိုးထားပါတယ်။

စိတ်ပညာထဲမှာ ဓေ့ဆော်မှု၊ မှတ်ဉာဏ်၊ သင်ယူမှု၊ စိုးရိမ်သောက၊ စိတ်လှုပ်ရှားမှု၊ စိတ်ကျန်းမာရေး စတဲ့ဘာသာရပ်တွေ၊ ခေါင်းဆောင်မှုနဲ့ လူလူချင်း ပေါင်းသင်းဆက်ဆံရေးဆိုင်ရာတွေ စတဲ့သင်ခန်းစာတွေဟာ လက်တွေ့လုပ်ငန်းခွင်မှာ ကွက်တိအသုံးကျခဲ့ပါတယ်။ စိတ်ပညာဆိုတာ တက္ကသိုလ်မှာ သင်ယူခဲ့ရတာက အနောက်တိုင်း စိတ်ပညာဆိုင်ကော်လော်ဂျီ (Psy-choloyg) ဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်မှာ လေးနှစ်သင်ယူခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှာ တစ်နှစ်နဲ့ခြောက်လ ထပ်မံပြီး စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်း၊ ဘွဲ့လွန်အသုံးချစိတ်ပညာသင်တန်း(ဒီပလိုမာ) တက်ခဲ့ရပါသေးတယ်။

- မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်
- ရန်ကုန်တက္ကသိုလ်
- စစ်ဦးစီးတက္ကသိုလ်(ဗထူး)
- ဦးစီးတက္ကသိုလ်(ကွာလာလမ်ပူ)
- နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်(ရန်ကုန်၊ ဆယ်မိုင်ကုန်း)

**အဘိဓမ္မာ**

တက္ကသိုလ်တွေမှာ ပညာသင်ယူခဲ့ရဖူးပါတယ်။ စေတနာ့ဝန်ထမ်းသင်ကြားပို့ချတဲ့ မဟာသဒ္ဓမ္မဇောတိက ဓဇ ဆရာဟန်(ဆုထူးပန်)အဘိဓမ္မာ တစ်နှစ်သင်တန်း တက်ရောက်လေ့လာပြီး သာသနာရေးဦးစီးဌာနက စစ်ဆေးတဲ့ အဘိဓမ္မာရိုးရိုးသင်တန်းစာမေးပွဲဖြေဆိုပြီး အောင်မြင်ခဲ့ပါတယ်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်။

အရင်က မကြားဖူးတာတွေ ကြားရတယ်။ အရင်က မသိခဲ့တာတွေကို ဆုထူးပန်ဆရာကြီး ဦးဟန်မောင်ကျေးဇူးကြောင့် ငါးထပ်ကြီးဘုရား၊ ဒေါ်သော့တန်ဆောင်းမှာ တစ်နှစ်ကြာသင်ယူခဲ့မိတာ သိပ်ကံကောင်းတာပဲ။ အသက်က ၆၀ လောက်ရှိပြီဆိုတော့ ငယ်ငယ်ကလို ဉာဏ်ကောင်းပါသေးရဲ့လား၊ မိမိကိုယ်ကို ဆန်းစစ်ကြည့်မိတယ်။ ည တစ်နာရီ၊ နှစ်နာရီထိအောင် ကျောင်းသားတစ်ယောက်လိုဖတ်တယ်၊ မှတ်တယ်၊ လေ့လာတယ်။ ကျက်မှတ်ရပါတယ်။ လေ့ကျင့်ခန်းတွေဖြေပြီး ဆရာကြီးနဲ့ ဆရာမတွေထံ အစစ်ဆေးခံပါတယ်။ သင်ကြားပြသမှု အတွေ့အကြုံဝါရင့်နေကြတဲ့ဆရာမတွေက စေတနာထားပြီး စစ်ဆေးတည့်မတ်ပေးကြပါတယ်။ လွဲတာချော်တာတွေ့ရင် ပြုပြင်ပေးတာပေါ့။

**သင်တန်း**

မိမိဟာ ခွဲမှူးသင်တန်း၊ ရင်းမှူးသင်တန်း၊ ရေးထောက်သင်တန်း၊ ထလရသင်တန်းစသဖြင့် ဗထူး၊ ပြင်ဦးလွင်၊ မင်္ဂလာဒုံတို့မှာ ရှိသမျှသင်တန်းတော်တော်များများ တက်ခဲ့ရဖူးပါတယ်။ မိမိတက်ချင်ပါတယ် လျှောက်ထားရတာမျိုးမဟုတ်ပါ။ အထက်အကြီးအကဲတွေက အမည်တပ်ရွေးချယ်လို့ သွားတက်ရတာပါ။ မိမိကို ဒီအချိန်အခါ ဒီသင်တန်းနဲ့ သင့်တော်တယ်ထင်လို့ လူကြီးတွေက ရွေးချယ်စေလွှတ်မှတော့ ထူးချွန်အောင်၊ တာဝန်ကျေပွန်အောင် ကြိုးစားရမယ်လို့ ခံယူပါတယ်။ ဒီတော့ ရေသာမခိုပါ။ သက်သာအောင်မနေမိပါ။ ကျောင်းသားကောင်းပီသအောင် နေ့နေ့ညည စာရေး၊ စာကျက်၊ သင်ကြားသမျှ မိမိဘဝအတွက် လက်တွေ့အသုံးချနိုင်အောင်၊ နားလည်တတ်ကျွမ်းအောင် ကြိုးစားခဲ့ပါတယ်။ မိမိလုပ်ဆောင်ရတဲ့အလုပ်ကို အမြတ်တနိုးတန်ဖိုးထားပြီး အားထုတ်တဲ့အလေ့အထက သင်တန်းဆင်းမှတ်ချက်တွေကိုကောင်းမွန်စေပါတယ်။ ဒီအချက်ဟာ အရေးကြီးပါတယ်။

တပ်မတော်မှာ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးမှအစ၊ စစ်သင်တန်းလေ့ကျင့်နေကြတဲ့ စစ်ကျောင်းတွေအားလုံးဟာ သင်တန်းသားအရာရှိတွေကို အောက်ပါခြင်းရာလက္ခဏာ (Traits) သုံးမျိုးကို တိတိကျကျ အကဲခတ်ပြီး မှတ်ချက်ရေးပေးရပါတယ်။

၁။ တပ်မှူးကြီးကောင်းဖြစ်နိုင်စွမ်း ရှိ၊ မရှိ
၂။ ဦးစီးအရာရှိကြီးကောင်း ဖြစ်နိုင်၊ မဖြစ်နိုင်
၃။ လေ့ကျင့်ရေးနည်းပြမှူးကြီးကောင်း ဖြစ်နိုင်၊ မဖြစ်နိုင်

**ကံ၊ ဉာဏ်၊ ဝီရိယ**

သင်တန်းများစွာ တပ်မတော်စစ်ကျောင်းတွေ တက်ခဲ့ရသမျှ သင်တန်းဆင်းမှတ်ချက်တွေအရ ထိုက်သင့်ရာတာဝန်တွေကို တာဝန်ရှိသူတွေက ရွေးချယ်ကြခြင်းပါပဲ။ ကံကောင်းတယ်ဆိုရင် မိမိက ကံ၊ ဉာဏ်၊ ဝီရိယ အားထုတ်မှုရှိခဲ့လို့ပါပဲ။ ကံမကောင်းဘူးဆိုရင် မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အားနည်းခဲ့လို့ပဲ။

စာရေးဆရာဖြစ်ချင်တယ်။

စာရေးချင်တယ်ဆိုတဲ့ ဝါသနာရှင်တွေ အများကြီးတွေ့ဆုံရဖူးပါတယ်။ စာရေးဆရာကြီးများစွာက အကြံပေးရေးသားတာ၊ ပြောကြားကြတာကို ဘေးကကြားရမြင်ရ၊ တွေ့နေရပါတယ်။ မိမိကတော့ ဆရာကြီး မင်းသုဝဏ်မိန့်ကြားတဲ့ ဩဝါဒစကားလေးကို အထူးပဲ နာယူမှတ်သားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကာလဆီက လူရည်ချွန်တွေကို ဆရာကြီး မင်းသုဝဏ်က ငပလီရွှေဝါချိုင် လူရည်ချွန်စခန်းမှာ စာကြောင်းပေကြောင်းကို ဟောပြောပို့ချခဲ့ရပါတယ်ထင်ပါရဲ့။

မိမိဘဝ တစ်သက်တာအတွက် အလင်းပြတဲ့ဘဝရဲ့ မီးရှူးတန်ဆောင်မီးမောင်းကြီးနဲ့ လမ်းဖြောင့်ဖြောင့်တန်းတန်းသွားတတ်အောင် ပြည့်နှင်ခြင်းဖြစ်ခဲ့ပါတယ်။

> ❖ ဆရာဦးတင်လှိုင် ကလောင်အမည် လယ်တွင်းသားစောချစ် ယူခြင်းအကြောင်းက ရှေးခေတ်က လယ်တွင်းကိုးခရိုင်ခေါ်ခဲ့တဲ့ ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ထန်းတောရွာဇာတိ ဂုဏ်ယူတာ။ မိခင် ဒေါ်စောတင် (မူလတန်းပြဆရာမ)အမည်နဲ့ ဖခင် ဦးချစ်စိန်(လယ်သမား)ကို ချစ်မြတ်နိုးစွာ ဂုဏ်တင်လိုတဲ့အတွက် စော+ချစ် အမည်မှည့်ခေါ်ပါသတဲ့။ မိခင်၊ ဖခင်အမည် ထည့်ထားလို့လားမသိ။ ဆရာဦးတင်လှိုင်ဟာ သူတစ်ပါးကို ထိပါးပုတ်ခတ်တဲ့စာမျိုး ဘယ်တော့မှမရေး၊ မတော်တဆထိခိုက်မှာမျိုးမရှိစေရအောင် သတိထားပြီး အကုသိုလ်ကင်းအောင်ရှောင်ပါတယ်။ ❖

**စုတုပြု**

ဆရာကြီး မင်းသုဝဏ် လမ်းညွှန်တာက တိုတိုပဲ ပြောရမယ်ဆိုရင် "စု၊ တု၊ ပြု"ပါပဲ။


**စု**။ ဖတ်ရမယ်၊ မှတ်ရမယ်၊ ကူးရေးရမယ်၊ ရှာဖွေလေ့လာရမယ်။ ဆက်လက်ဆည်းပူးကျက်မှတ်ရမယ်။

**တု**။ ကူးရေးပါ။ ကြိုက်တာလေးတွေ ရွေးကျက်ပါ။ အတုယူပြီး များများရေးစမ်းကြည့်ပါ။ လေ့ကျင့်ခန်းများများလုပ်ပါ။ ဆရာတွေဆီပြသပြီး ဝေဖန်မှုခံယူပါ။ ကောင်းနိုးရာရာ ရေးနေပါ။ စာကောင်းပေကောင်းတွေကို အထပ်ထပ်အခါခါ အသံထွက်ဖတ်ပါ။ စာရေးဆရာသော်တာဆွေ (ကိုကြင်ဆွေ)နဲ့ ဆရာငွေဥဒေါင်း (ကိုကြီးမောင်)တို့ဟာ ဆရာကြီးရွှေဥဒေါင်း (ဦးဖေသိန်း)ဆီမှာ အနီးကပ်တပည့်ခံပြီး စာရေးနည်းတတ်မြောက်အောင် မှတ်သားသင်ယူခဲ့သူတွေပါပဲ။ လွယ်ပါတယ်။ များများဖတ်၊ များများမှတ်၊ များများရေးပါ။ ဒါလေးပဲ။

**ပြု**။ စုတာလည်းများခဲ့ပြီ။ တုတာလည်းရင့်မာနေပြီ။ မိမိကိုယ်တိုင် ကိုယ်ပိုင်အကြံသစ်၊ ဉာဏ်သစ်၊ ဟန်သစ်၊ အကြောင်းအရာသစ်၊ အချက်အလက်သစ်၊ အတွေးအခေါ်သစ်နဲ့ ရေးပေရော့။ တစ်ခါမကောင်းသေး နှစ်ခါ၊ သုံးခါရေး။ စစ်နဲ့ငြိမ်းချမ်းရေး ဝတ္ထုရှည်ကြီးဟာ ကမ္ဘာ့စာပေဂန္ထဝင်အဖြစ် ကျော်ကြားတယ်မဟုတ်လား။ ရေးခဲ့တဲ့ စာရေးဆရာကြီး လီယိုတော်စတွိုင်ဟာ အခန်းတစ်ခန်းကို ရေးတာ၊ ရေးပြီးတိုင်း ပြန်ဖတ်လို့ စိတ်တိုင်းမကျတဲ့အတွက် ထပ်ကာထပ်ကာပြန်ရေးတာ အကြိမ်ပေါင်း ၈၃ ကြိမ်၊ ၈၄ ကြိမ်ရှိပါသတဲ့။ စာရေးစာပွဲဘေးက အမှိုက်ခြင်းထဲမှာ သူပစ်ထည့်တဲ့ စာမူစာကြမ်းတွေ ပုံနေတာပဲ။ ဒီလိုဇွဲမျိုး၊ ဒီလိုလုံ့လဝီရိယမျိုးကမှ အောင်မြင်မှုကြီးကြီးမားမားရစေနိုင်တယ်လေ။

နိဂုံးမချုပ်ခင် ဣဒ္ဓိပါဒ်လေးပါး ပြောလိုက်ပါရစေ။ ဘာပဲလုပ်လုပ် အောင်မြင်ချင်ရင် အဓိပတိလေးပါးပါရမယ်။ အဲဒါကို အောင်ကြောင်း အရင်းခံ ဣဒ္ဓိပါဒ်လို့လည်း ခေါ်ကြတယ်-

၁။ ထက်သန်ပြင်းပြတဲ့**ဆန္ဒ**
၂။ ထက်သန်စွာ ကြိုးစားလုံ့လပြုတဲ့ **ဝီရိယ**
၃။ ထက်သန်တက်ကြွနိုးကြားတဲ့ **စိတ်ဓာတ်**
၄။ ပညာရပ်ကို ကောင်းစွာ နှံ့စပ်တတ်မြောက်ခြင်း **ဝိမံသာဓိပတိ၊ ပညာပြည့်ရှုမှု**




**နိဂုံး**

အောင်မြင်မှုဆိုတဲ့ စတုဂံအားလုံးဟာ သင့်မှာရှိနေတဲ့ ဒီစွမ်းအားလေးခုနဲ့ ပေါင်းစပ်လုပ်ဆောင်လိုက်ရင် မလွဲမသွေရတဲ့အရာပါပဲ။ စာရေးတက်တာလောက်ကို ပြောမနေနဲ့ ရာထူးတက်တာလောက်ကို ပြောမနေနဲ့။ ဘဝတစ်ခုလုံးအတွက် အောင်ပွဲတွေဆင့်ကာဆင့်ကာရစေတဲ့ ပုံသေဖော်မြူလာကို ပေးလိုက်တာပဲလေ။ ဘဝတစ်လျှောက်လုံး စု၊ တု၊ ပြု နဲ့ ဣဒ္ဓိပါဒ်လေးပါးကိုသာ အသုံးချပါခင်ဗျာ။ ထိုက်တန်တဲ့ နာမည်တစ်လုံးရမှာပါ။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာဧက ၇၀၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**အင်းတော် မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာဧက ၇၀၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၇၀၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၈ ဒသမ ၉၉ တင်းထွက်ရှိကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၁၀၉၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧက ၇၀၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမျိုးတွေ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာကို ဆောင်းမှာ အဓိကစိုက်ပျိုးကြပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၁၀၉၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ နေကြာမျိုးစေ့များ ပံ့ပိုးပေးအပ်ခြင်း၊ ယူရီးယားဓာတ်မြေဩဇာများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အင်းတော်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးတောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



## သရက်မြို့နယ် ကမ်းနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် မတ် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းနီကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကမ်းနီကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

ကမ်းနီကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမာ**

## သဲစေတီပွဲ ခြိမ့်ခြိမ့်သဲ

\- ဝလာတစ်ခွင် မင်းလွင်ဆိုင်း
မှုန်မှိုင်းတဲ့အာကာယံ
မိုးသားကျူးဟန်၊
ချမ်းမြမြ နှောင်းဟေမန်
ဆောင်းလက်ကျန် နှုတ်ဆက်ပွဲ၊
နေ့ချိန်ခါ ပူရှိန်ကဲ
ညဥ့်မှာချမ်းမြဲ။

\- ပန်းစုံလှိုင် မြိုင်အတွင်း
ပန်းအင်ကြင်း နီနီလွင်
ငှက်ပေါင်းကြည်ရွှင်၊
မြစ်ယံက သဲသောင်ပြင်
ပြုံးပျော်ရွှင် ညံမစဲ၊
သဲစေတီ သဘင်ပွဲ
ခြိမ့်ခြိမ့်သဲသဲ။

\- ဝါးရိုင်ပတ် ရစ်ခွေပါ
သဲဖြည့်ကာ ကြီးငယ်ဆင့်
ငါးဆင့်စီကာ၊
အာလိန်ငါးဆင့် ပုံပမာ
တုယူကာ စေတီအလား၊
ပန်းဆီမီး လှူဖွယ်များ
ရေချမ်းလှူ တံခွန်ကုက္ကား
ရှိပူဇော် သဒ္ဓါပွား
ဗုဒ္ဓကိုယ်စား။

\- သဘင်ပွဲ ရွေးခါလို
စေတီကို မျှော်ရည်စူး
ဖူးရမလို၊
ခုများတော့ သောင်တစ်ခို
မယ်ညိုနှင့် ဟသ်ာဝဲ၊
ရေငှက်တို့ ပျော်မစဲ
သောင်ခုံနှင့်သဲ။ ။

**ကျော်စောဟန်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## ဂျပန်ဧကရာဇ်နှင့်ကြင်ယာတော်တို့ ဗြိတိန်သို့ သွားရောက်ဖွယ်ရှိ

**တိုကျို မတ် ၂၄**

ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော်မိဖုရား မာဆာကိုတို့သည် ယခုနှစ် ဇွန်လကုန်တွင် ဗြိတိန်သို့ နိုင်ငံတော်ဧည့်သည်တော်များအဖြစ် သွားရောက်နိုင်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဂျပန်ဧကရာဇ်နှင့်ကြင်ယာတော်တို့၏ ဗြိတိန်ခရီးစဉ်အတွက် နှစ်နိုင်ငံတာဝန်ရှိသူများက အစီအစဉ်များရေးဆွဲနေကြောင်း ဂျပန်မီဒီယာများ၏ အဆိုအရ သိရသည်။

ဗြိတိန်ခရီးစဉ်အတွင်း ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့သည် ဘက်ကင်ဟမ်နန်းတော် ဧည့်ခံကြိုဆိုပွဲတစ်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့သည် ရက်သတ္တပတ်ကြာ ဗြိတိန်ခရီးစဉ်အတွင်း အောက်စဖို့ဒ်တက္ကသိုလ်သို့လည်း သွားရောက်ဖွယ်ရှိသည်။

အောက်စဖို့ဒ်တက္ကသိုလ်သည် ဂျပန်ဧကရာဇ်နှင့်ကြင်ယာတော်တို့ နှစ်ဦးစလုံးပညာသင်ကြားခဲ့ဖူးသည့် တက္ကသိုလ်ဖြစ်သည်။

ဂျပန်ဧကရာဇ်နှင့်ကြင်ယာတော်တို့သည် ၂၀၂၂ ခုနှစ်ကလည်း ဗြိတိန်ဘုရင်မကြီး၏ ဈာပနအခမ်းအနားတက်ရောက်ရန် ဗြိတိန်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အိန္ဒိယအစိုးရက ကြက်သွန်များပြည်ပတင်ပို့မှုပိတ်ပင်ရေး စည်းမျဉ်းကို ကာလအကန့်အသတ်မရှိ သက်တမ်းတိုး

**ဒေလီ မတ် ၂၄**

ကြက်သွန်များ ပြည်ပတင်ပို့မှုစည်းမျဉ်းကို အိန္ဒိယအစိုးရက ကာလအကန့်အသတ်မရှိ သက်တမ်းတိုးထားကြောင်း မတ် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် အထွေထွေရွေးကောက်ပွဲမကျင်းပမီ ပြည်ပသို့ ကြက်သွန်များ တင်ပို့ရောင်းချမှု ပိတ်ပင်ရေးစည်းမျဉ်းကို ကာလအကန့်အသတ်မရှိ သက်တမ်းတိုးထားခြင်းဖြစ်သည်။

ပြည်ပသို့ကြက်သွန်တင်ပို့ရောင်းချမှု ပိတ်ပင်ရေးစည်းမျဉ်းကြောင့် ပြည်ပဈေးကွက်အချို့၌ ကြက်သွန်ဈေးနှုန်းများမြင့်တက်လာနိုင်သည်။

ပြည်ပသို့ ကြက်သွန်တင်ပို့မှုပိတ်ပင်ရေးစည်းမျဉ်းသည် မူလက မတ် ၃၁ ရက်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယင်းပိတ်ပင်ချက်ကို ကာလအကန့်အသတ်မရှိ ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက မတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ကြက်သွန်အများဆုံး ထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နီပေါနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ကဲ့သို့သော နိုင်ငံများမှာ ပြည်တွင်းဈေးကွက်လိုအပ်ချက်အတွက် အိန္ဒိယကြက်သွန်များကို အားပြုနေရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## ကရိုးကပ်စ်စီးတီးအကြမ်းဖက်မှုအတွက် တာဝန်ရှိသူများကို ဖော်ထုတ်အပြစ်ပေးမည်ဟု သမ္မတပူတင်ကတိပေး





**မော်စကို မတ် ၂၄**

မော်စကိုမြို့ ကရိုးကပ်စ်စီးတီးဂီတပွဲခန်းမဆောင် အကြမ်းဖက်တိုက်ခိုက်မှုအတွက် တာဝန်ရှိသူများကို ဖော်ထုတ်အပြစ်ပေးမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ကတိပြုလိုက်သည်။

ကရိုးကပ်စ်စီးတီးဂီတပွဲခန်းမဆောင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် တစ်ရက်အကြာတွင် တိုင်းပြည်သို့ပြောကြားခဲ့သည့် မိန့်ခွန်း၌ ရုရှားသမ္မတက ထိုသို့ကတိပေးခဲ့ခြင်းဖြစ်သည်။

မတ် ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် ကရိုးကပ်စ်စီးတီး ဂီတပွဲခန်းမဆောင်အကြမ်းဖက်တိုက်ခိုက်မှုအတွင်း မျက်နှာဖုံးစွပ်သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူပေါင်း ၁၃၃ ဦး သေဆုံးခဲ့ရပြီး ၁၀၇ ဦးဒဏ်ရာများရရှိခဲ့သည်။

ကရိုးကပ်စ်စီးတီး ဂီတပွဲခန်းမဆောင်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်နေသည့် သေနတ်သမားလေးဦးအပါအဝင် အကြမ်းဖက်သမားများအဖြစ် ယူဆရသူ ၁၁ ဦးကို ယူကရိန်းဘက်သို့သွားရောက်ရန် ကြိုးစားနေစဉ် ဖမ်းဆီးနိုင်ခဲ့ကြောင်း ရုရှားသမ္မတ ပူတင်က မတ် ၂၃ ရက်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ကရိုးကပ်စ်စီးတီးအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကို ကျူးလွန်ခဲ့သူမှာ နိုင်ငံတကာအကြမ်းဖက်ဝါဒဖြစ်ပြီး ယင်းနိုင်ငံတကာအကြမ်းဖက်ဝါဒကို တိုက်ဖျက်ရေးအတွက် မည်သည့်နိုင်ငံနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ရုရှားသမ္မတပူတင်က ပြောကြားထားသည်။

ကရိုးကပ်စ်စီးတီးအကြမ်းဖက်တိုက်ခိုက်မှုကို ရုရှားနှင့်ဆက်ဆံရေးတင်းမာနေသည့် အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ရှုတ်ချခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ဖမ်းဆီးထားသည့် ဆိုမာလီယာပင်လယ်ဓားပြများကို အိန္ဒိယရေတပ်က မွမ်ဘိုင်းရဲတပ်ဖွဲ့ထံ လွှဲပြောင်းအပ်နှံ

**ဒေလီ မတ် ၂၄**





အိန္ဒိယရေတပ်သည် ၎င်းတို့ဖမ်းဆီးထားသည့် ဆိုမာလီယာပင်လယ်ဓားပြ ၃၅ ဦးကို မတ် ၂၃ ရက်တွင် မွမ်ဘိုင်းမြို့ရဲတပ်ဖွဲ့ထံ လွှဲပြောင်းအပ်နှံခဲ့သည်။

အိန္ဒိယရေတပ်သည် ပင်လယ်နီဒေသအရှေ့ပိုင်း၌ ပင်လယ်ဓားပြနှိမ်နင်းမှု စစ်ဆင်ရေးအတွင်း အဆိုပါဆိုမာလီယာပင်လယ်ဓားပြများကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံ ကမ်းလွန်၌ ပြီးခဲ့သည့်သုံးလက ပြန်ပေးဆွဲခံထားရသည့် ရှုအင်အမည်ရှိကုန်တင်သင်္ဘောကို ပြီးခဲ့သည့်ရက်သတ္တပတ်က ကြားဖြတ်ဟန့်တားစဉ် ယင်းသင်္ဘောပေါ်ရှိ ဆိုမာလီယာ ပင်လယ်ဓားပြ ၃၅ ဦးကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယရေတပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဖမ်းဆီးထားသော ပင်လယ်ဓားပြများကို အိန္ဒိယနိုင်ငံမှာပင် တရားစွဲဆိုရန် အိန္ဒိယရေတပ်က စီစဉ်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံက ၂၀၂၂ ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သည့် ပင်လယ်ဓားပြမှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲခံရမည့် ဆိုမာလီယာပင်လယ်ဓားပြများ အနေဖြင့် ထောင်ဒဏ်တစ်သက်ထိ ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံသည် ပင်လယ်ဓားပြချေမှုန်းရေး လုပ်ငန်းများအတွက် အေဒင်ပင်လယ်ကွေ့နှင့် အာရေဗီးယန်းပင်လယ်ဒေသတို့၌ စစ်ရေယာဉ် ၂၁စီးနှင့် တပ်ဖွဲ့ဝင်ဦးရေ ၅၀၀၀တို့ကို အလှည့်ကျတာဝန်ပေးထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## နိုင်ဂျီးရီးယားစစ်ဘက်က ပြန်ပေးဆွဲခံထားရသည့် ကျောင်းသား ၂၈၇ ဦးကို ကယ်တင်

**အဘူဂျာ မတ် ၂၄**

ပြီးခဲ့သည့် မတ် ၇ ရက်က စာသင်ကျောင်း တစ်ကျောင်းမှ ပြန်ပေးဆွဲ ဖမ်းဆီးခံခဲ့ရသည့် ကျောင်းသား၊ ကျောင်းသူ ၂၈၇ဦးကို နိုင်ဂျီးရီးယား စစ်ဘက်က ယနေ့တွင် ကယ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသား၊ကျောင်းသူများ ပြန်လည်လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေအမေရိကန်ဒေါ်လာ၆၉၀၀၀၀ကို မတ်၂၅ ရက်နောက်ဆုံးထား၍ပေးရန် လက်နက်ကိုင်များက တောင်းဆိုထားကြောင်း သိရသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများပြန်လွတ်ရေးအတွက် လက်နက်ကိုင်များက တောင်းဆိုထားသည့် ပြန်ပေးရွေးငွေ အမေရိကန်ဒေါ်လာ၆၉၀၀၀၀ပေးဆောင်ရမည့်နောက်ဆုံးရက်မတိုင်မီနိုင်ဂျီးရီးယားစစ်ဘက်က ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောင်းသား၊ကျောင်းသူများမှာ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ် ကူရီဂါမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဖြစ်ပြီး ၎င်းတို့ကို မတ် ၇ ရက်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကပြန်ပေးဆွဲ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကူရီဂါမြို့ စာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပြန်ပေးဆွဲခံရမှုသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံးပေါ်ပေါက်ခဲ့သည့် အစုလိုက်အပြုံလိုက်ပြန်ပေးဆွဲခံရမှုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက အာကာသယာဉ်မှူးသုံးဦး လိုက်ပါသွားသည့် ဆိုယုဇ်အာကာသလူသယ်ယာဉ်ကို မတ် ၂၃ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့



**မော်စကို မတ် ၂၄**

ရုရှား အာကာသအေဂျင်စီသည် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသည့် ဆိုယုဇ်အာကာသလူသယ်ယာဉ်ကို မတ် ၂၃ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၅ အမည်ရှိ ၎င်းအာကာသလူသယ်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆိုယုဇ် အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ ပျံသန်းနေပြီး မတ် ၂၅ ရက်တွင် ချိတ်ဆက်နိုင်ဖွယ်ရှိသည်။

ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်နှင့်အတူ ရုရှား၊ ဘီလာရုဇ်၊ အမေရိကန်နိုင်ငံတို့မှ အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ဆိုယုဇ်အမ်အက်စ်-၂၅ အာကာသလူသယ်ယာဉ်ကို မတ် ၂၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း စနစ်တစ်ခုဖောက်ပြန်မှုကြောင့် မလွှတ်တင်မီ ၂၀ စက္ကန့်အလိုတွင် လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ရသည်။

မတ် ၂၃ ရက် လွှတ်တင်မှုတွင် ဆိုယုဇ်ဒုံးပျံသည် လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ဆိုယုဇ်အာကာသလူသယ်ယာဉ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## ယူရိုပါကလစ်ပါ အာကာသယာဉ်ကိုလွှတ်တင်ပြီးပါက နာဆာအနေဖြင့် ယူရိုပါဂြိုဟ်ရံလပေါ်၌ သက်ရှိများ ရှိ၊ မရှိ အတည်ပြုနိုင်ဖွယ်ရှိ

**ဝါရှင်တန် မတ် ၂၄**

ယူရိုပါကလစ်ပါ အမည်ရှိ အာကာသယာဉ်ကို လွှတ်တင်ပြီးပါက အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အနေဖြင့် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလပေါ်၌ သက်ရှိများ ရှိ၊ မရှိ အတည်ပြုနိုင်ဖွယ်ရှိကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် ယူရိုပါကလစ်ပါ အာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယူရိုပါကလစ်ပါ အာကာသယာဉ်ပေါ်၌ တပ်ဆင်ထားသော စူးစမ်းလေ့လာရေးစနစ်များသည် ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာက မှုတ်ထုတ်လိုက်သည့် ရေခဲမှုန်တစ်မှုန်အတွင်းရှိ သက်ရှိဆဲလ်များကိုပင် ရှာဖွေပေးနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



သို့ဖြစ်ရာ ယူရိုပါကလစ်ပါ အာကာသယာဉ်ကို လွှတ်တင်ပြီးနောက် ၂၀၃၀ ပြည့်နှစ် ကာလများအတွင်း ယူရိုပါဂြိုဟ်ရံလပေါ်၌ သက်ရှိများ ရှိ၊ မရှိကို အတည်ပြုနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ယူရိုပါ ဂြိုဟ်ရံလသည် မြေအောက်သမုဒ္ဒရာ ရေပြင်ပိုင်ဆိုင်ထားပြီး သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့်ဓာတုပစ္စည်းများရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ယူရိုပါကလစ်ပါ အာကာသယာဉ်သည် ယူရိုပါဂြိုဟ်ရံလကို လေးနှစ်ကြာ လေ့လာမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် မတ် ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ယနေ့တွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်- ၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မတ် ၂၄ ရက် မစ်ရှင်သည် အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်အတွက် ၁၉ ကြိမ်မြောက် မစ်ရှင်ဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ဖလော်ရီဒါကမ်းလွန်၌ အသင့်စောင့်ဆိုင်းနေသော တွဲရေယာဉ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ပူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

မတ် ၂၄ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၂၈ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ခံတွင်းအတွင်းတွေ့ရသည့်ဗက်တီးရီးယားတစ်မျိုးက အူမကြီးကင်ဆာဆဲလ်များကြီးထွားမှုကို အားပေးနိုင်

**နယူးယောက် မတ် ၂၄**

လူသားတို့၏ ခံတွင်းအတွင်း တွေ့ရတတ်သည့် ဗက်တီးရီးယားတစ်မျိုးသည် အူမကြီးကင်ဆာဆဲလ်များဆီသို့ ရောက်ရှိသွားနိုင်ပြီး ကင်ဆာဆဲလ်များ ကြီးထွားမှုကို အားပေးနိုင်ကြောင်း မတ် ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဖရက်ဟက်ချင်ဆန် ကင်ဆာရောဂါတင်စတီကျူမှ သုတေသနပညာရှင်များသည် အူမကြီးကင်ဆာလူနာ ၂၀၀ ထံမှ ရယူထားသော အူမကြီးကင်ဆာ တစ်ရှူးများအတွင်း Fusobacterium Nucleatum ခေါ် ဗက်တီးရီးယားများ စုစည်းမှုအဆင့်ကို လေ့လာခဲ့ကြသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Fusobacterium Nucleatum ဗက်တီးရီးယား၏ ပုံစံကွဲတစ်မျိုးဖြစ်သည့် Fna C2 ခေါ် ဗက်တီးရီးယားသည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို အားပေးနိုင်ကြောင်း သိရသည်။

ခံတွင်းအတွင်း ရှိတတ်သည့် Fusobacterium Nucleatum ဗက်တီးရီးယား၏ ပုံစံကွဲဗက်တီးရီးယားသည် ခံတွင်းမှတစ်ဆင့် အစာခြေ လမ်းကြောင်းအတွင်း ရောက်သွားနိုင်ပြီး အူမကြီးအပါအဝင် အစာခြေလမ်းကြောင်းစနစ် အောက်ပိုင်းထိ ဝင်ရောက်နိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အူမကြီးကင်ဆာ လူနာများ၏ တစ်ရှူးစများကို စစ်ဆေးရာတွင် အမေရိကန် သုတေသနပညာရှင်များသည် နမူနာတစ်ရှူး ၅၀ ရာခိုင်နှုန်း၌ Fna C2 ဗက်တီးရီးယားများ ရှိနေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပြင်းထန်သောကိုဗစ်ရောဂါကြောင့် နှလုံးအင်္ဂါထိခိုက်ပျက်စီးနိုင်

**နယူးယောက် မတ် ၂၄**

ပြင်းထန်သော ကိုဗစ်ရောဂါကြောင့် နှလုံးအင်္ဂါထိခိုက်ပျက်စီးနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၂၃ ရက်တွင် ပြောကြားသည်။

ကိုဗစ်ရောဂါ၏ပြင်းထန်သည့် ရောင်ရမ်းမှုပြဿနာသည် ၎င်းရောဂါနှင့်ဆက်စပ်နေသည့် နှလုံးအင်္ဂါ ထိခိုက်ပျက်စီးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။


ကိုဗစ်ရောဂါကူးစက်ဖြစ်ပွားချိန်တွင် တစ်ကိုယ်လုံးအနှံ့ရောင်ရမ်းမှုပြဿနာ ပေါ်ထွက်လာမှုကို လူ့ခုခံအားစနစ်က တုံ့ပြန်ချိန်တွင် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလူနာများ၏ နှလုံးအပါအဝင် ကိုယ်တွင်းအင်္ဂါတစ်ရှူးကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ လူနာများ၏ကိုယ်တွင်းအင်္ဂါတစ်ရှူးများကို လေ့လာရာ နှလုံးတစ်ရှူးများ၏ကျန်းမာရေးကို ထိန်းပေးရာတွင် အထောက်အကူပြုသည့် Cardiac Macrophages ခေါ် ခုခံအားစနစ်ဆဲလ်တစ်မျိုးကို အဓိကထား လေ့လာခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါကြောင့် Cardiac Macrophages ဆဲလ်များ နှလုံးတစ်ရှူးများအတွင်း ပုံမှန်ထက် လွန်ကဲလာတတ်ရာ ၎င်းဆဲလ်များ၏ ပုံမှန်လည်ပတ်မှုဖောက်ပြန်၍ ရောင်ရမ်းမှုပြဿနာ ပေါ်လာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ထရိနီဒက်နှင့်တိုဘာဂိုအသင်းကိုအနိုင်ယူ၍ ကနေဒါအသင်း ကိုပါအမေရိကဖလားဝင်ခွင့်ရရှိ

**အော့တာဝါ မတ် ၂၄**

ကနေဒါအသင်းသည် ယခုနှစ်အတွင်းကစားရမည့် ကိုပါအမေရိကဖလားပြိုင်ပွဲအတွက် ဝင်ခွင့်ရရှိရန် ထရိနီဒက်နှင့်တိုဘာဂိုအသင်းနှင့် play-off ကစားခဲ့ရာ ပွဲကစားချိန်အတွင်း နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ကိုပါအမေရိကဖလား ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ကနေဒါအသင်းသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ကစားခဲ့သည့် ကွန်ကာကပ်နေးရှင်းလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် ဂျမေကာအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သောကြောင့် ကိုပါအမေရိကဖလား တိုက်ရိုက်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရပြီး လက်ကျန်တစ်နေရာအတွက် play-off ထပ်မံကစားခဲ့ရာ ထရိနီဒက်နှင့်တိုဘာဂိုအသင်းကိုလာရင်းရှက်ဖယ်ဘက်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သောကြောင့် ကိုပါအမေရိကဖလားဝင်ခွင့်ရရှိခဲ့သည်။

ကနေဒါအသင်းသည် ကိုပါအမေရိကဖလားအုပ်စုအဆင့်တွင် အုပ်စု(A) ၌ အာဂျင်တီးနား၊ ချီလီ၊ ပီရူးအသင်းတို့နှင့် ထိပ်တိုက်တွေ့ဆုံနေပြီး ဇွန် ၂၀ ရက်တွင် အာဂျင်တီးနားအသင်းနှင့် အဖွင့်ပွဲစဉ်ကိုလည်းကောင်း၊ ဇွန် ၂၅ ရက်တွင် ချီလီအသင်းနှင့် ဒုတိယပွဲစဉ်ကိုလည်းကောင်း၊ဇွန် ၂၉ ရက်တွင် ပီရူးအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်ကို လည်းကောင်း ကစားရမည်ဖြစ်သည်။

ယခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး တောင်အမေရိကဇုန်မှ အသင်း ၁၀ သင်းနှင့် ကွန်ကာကပ်ဇုန်မှ အသင်းခြောက်သင်း စုစုပေါင်း ၁၆ သင်းတို့ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဘာရာဇီးအသင်း သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းရှင်အဖြစ် အန်းဒရစ်မှတ်တမ်းဝင်

**ရီယိုဒီဂျနေးရိုး မတ် ၂၄**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ဘာရာဇီးအသင်းက အင်္ဂလန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အန်းဒရစ်သည် ပွဲချိန် မိနစ် ၇၀ တွင် ရှိဒရီဂို၏နေရာတွင် လူစားဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်အကောင်းဆုံး ခြေစမ်းပြသနိုင်ခဲ့ကာ ပွဲချိန်မိနစ် ၈၀တွင် ဗင်နီစီးယက်စ်၏ဖန်တီးပေးမှုမှတစ်ဆင့် ဘာရာဇီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဘာရာဇီးအသင်းသမိုင်းတစ်လျှောက်နှစ်ပေါင်း ၃၀အတွင်း အသက်အငယ်ဆုံးသွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘာရာဇီးအသင်း သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးသွင်းဂိုးရှင်များအဖြစ် ပီလီက ပြီးခဲ့သည့် ၁၉၅၇ခုနှစ်က ဘာရာဇီးအသင်းနှင့်အာဂျင်တီးနားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသက် ၁၆နှစ်ကိုးလဖြင့်စံချိန်တင်ထားပြီး ၎င်း၏နောက်တွင်ရော်နယ်ဒိုက ပြီးခဲ့သည့် ၁၉၉၄ခုနှစ် မေလက ဘာရာဇီးအသင်းနှင့် အိုက်စလန်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အသက် ၁၇နှစ် ၂၂၈ရက်ဖြင့် စံချိန်တင်ထားခဲ့ပြီး ယခုအခါ အန်းဒရစ်က အသက် ၁၇ နှစ် ၂၄၆ ရက်ဖြင့် တတိယမြောက်အသက်အငယ်ဆုံးသွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အန်းဒရစ်သည် အင်္ဂလန်အသင်းနှင့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးသည် ဘာရာဇီးအသင်းကစားသမားဘဝ ၎င်း၏ ပထမဆုံးသွင်းဂိုး ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- မော်စကိုမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ရုရှားဘောလုံးအဖွဲ့ချုပ်က တနင်္လာနေ့တွင် ကစားရမည့် ပါရာဂွေးအသင်းနှင့် နိုင်ငံတကာခြေစမ်းပွဲစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- အင်တာမီယာမီအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လာမည့်နွေရာသီတွင် အေဗာတိုအသင်းမှ ကွင်းလယ်ကစားသမား ဝှစ်ဆဲလ်ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

**ML**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



**နေပြည်တော် မတ် ၂၄**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ ညနေ၃နာရီတွင်နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ မတ် ၂၅ရက်တွင် တစ်ရက်ရပ်နားမည်ဖြစ်ပြီး မတ် ၂၆ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ပြင်သစ်အသင်းကိုသွင်းယူခဲ့သည့် ဖလိုရီရန်ဝှစ်၏သွင်းဂိုး အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်

**ပဲရစ် မတ် ၂၄**

ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့ကစားခဲ့သည့်နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် ဂျာမနီအသင်းကစားသမားဖလိုရီရန်ဝှစ်က ပွဲချိန်ခုနစ်စက္ကန့်အတွင်း ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် အမြန်ဆုံးသွင်းဂိုးဖြစ်လာခဲ့ပြီး ဂျာမနီအသင်းဘောလုံးသမိုင်းတွင် အမြန်ဆုံးသွင်းဂိုးဖြစ်လာခဲ့ကြောင်း သိရသည်။

ဂျာမနီအသင်းဘောလုံးသမိုင်း၌ ၂၀၁၃ ခုနှစ်တွင် တိုက်စစ်မှူး ပိုဒေါ်စကီးက အီကွေဒေါအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ပွဲကစားချိန် ခုနစ်စက္ကန့်အတွင်း ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အမြန်ဆုံးသွင်းဂိုးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပြီး ယခုအခါ ဖလိုရီရန်ဝှစ်က လည်း ခုနစ်စက္ကန့်အတွင်း ဂိုးသွင်းယူနိုင်ခဲ့ကာ ပိုဒေါ်စကီးထက်စက္ကန့်အနည်းငယ်သာလွန်ခဲ့သောကြောင့် အမြန်ဆုံးသွင်းဂိုးဖြစ်လာခဲ့သည်။

ထို့ပြင် စနေနေ့က ကစားခဲ့သည့် ဆလိုဗက်ကီးယားနှင့် ဩစတြီးယားအသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် ဩစတြီးယားတိုက်စစ်မှူး ခရစ်တိုက ပွဲကစားချိန် ခြောက်စက္ကန့်အတွင်း အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် နိုင်ငံတကာခြေစမ်းပွဲတွင် အမြန်ဆုံးဂိုးသွင်းယူနိုင်သူဖြစ်လာခဲ့ပြီး ဖလိုရီရန်ဝှစ်၏စံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။



ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတွင် ၂၀၀၂ ခုနှစ်က တူရကီယဲကစားသမား ဟာကန်ဆူကာက ပွဲချိန်၁၁ စက္ကန့်အတွင်း တောင်ကိုရီးယားအသင်းကိုဂိုးသွင်းယူနိုင်ခဲ့ပြီး ကမ္ဘာ့ဖလားတွင် အမြန်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# WBO ဝယ်သာဝိတ်တန်း အမျိုးသမီးကမ္ဘာ့ချန်ပီယံခါးပတ်ကို အင်္ဂလန်လက်ဝှေ့မယ်ဆန်ဒီရှိုင်ယန် ကာကွယ်နိုင်ခဲ့



**လန်ဒန် မတ် ၂၄**

WBO ဝယ်သာဝိတ်တန်း အမျိုးသမီးကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံအင်္ဂလန်လက်ဝှေ့မယ် ဆန်ဒီရှိုင်ယန်သည် စိန်ခေါ်သူ အင်္ဂလန်လက်ဝှေ့မယ် ဟာပါနှင့်မတ် ၂၃ ရက်က အင်္ဂလန်နိုင်ငံ ရှက်ဖီးမြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဆန်ဒီရှိုင်ယန်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ဆန်ဒီရှိုင်ယန်သည် စတုတ္ထမြောက်အချီတွင် ဟာပါကိုဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဟာပါသည် WBO၊ WBA စူပါဝယ်သာဝိတ်တန်းတို့၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီးကမ္ဘာ့ချန်ပီယံခါးပတ် သုံးခုကို ပိုင်ဆိုင်လိုသည့်အတွက်ကြောင့် ဝယ်သာဝိတ်တန်းသို့ဆင်း၍ ဆန်ဒီရှိုင်ယန်နှင့် ထိုးသတ်ခဲ့ရာ ပုံမှန်ထက် ဝိတ်ချခဲ့ရသည့်အတွက် ကြံ့ခိုင်မှုမပြည့်ဝဘဲ ဖြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဆန်ဒီရှိုင်ယန်က"ဟာပါအကြောင်း ကောင်းကောင်းသိထားတဲ့အတွက် Game Plan ကို သေချာပြင်ဆင်ခဲ့တယ်။ ဟာပါတို့လိုကမ္ဘာ့ချန်ပီယံတွေနဲ့ထိုးသတ်တဲ့အခါမှာ အရေးကြီးဆုံးက Game Plan ကောင်းဖို့ပဲဖြစ်ပါတယ်။ပြင်ဆင်ထားတဲ့အတိုင်း မလုပ်နိုင်ခဲ့ရင် သေချာပေါက်အရှုံးနဲ့ရင်ဆိုင်သွားရလိမ့်မယ်။ကျွန်မရဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်ကိုဆက်လက်ထိန်းသိမ်းခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဝယ်သာဝိတ်တန်းမှာ ပြိုင်ဘက်ကင်းချန်ပီယံတစ်ယောက်ဖြစ်ခွင့်ရချင်တယ်။ တခြားလက်ဝှေ့အဖွဲ့ချုပ်က ဝယ်သာဝိတ်တန်းချန်ပီယံတွေနဲ့ စိန်ခေါ်ထိုးသတ်သွားဖို့ ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းထံ F-16 တိုက်လေယာဉ်ပထမအသုတ်ကို ပေးပို့နိုင်တော့မည်ဟု နယ်သာလန်ကာကွယ်ရေးဝန်ကြီး ပြောကြား



NATO အဖွဲ့ဝင်နိုင်ငံများက ယူကရိန်းသို့ ပံ့ပိုးပေးမည့် F-16 တိုက်လေယာဉ် ပထမအသုတ်ကို လာမည့်လများအတွင်း ယူကရိန်းနိုင်ငံသို့ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ပြီး ယခုနှစ်နှောင်းပိုင်းတွင် နောက်ထပ် လွှဲပြောင်းပို့ဆောင်ပေးရန်ရှိကြောင်း နယ်သာလန် ကာကွယ်ရေးဝန်ကြီး Kajsa Ollongren က ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မတ် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒိန်းမတ်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ အဆင့်မြင့်တိုက်လေယာဉ်များ ပံ့ပိုးပေးမည့် ပထမဆုံး NATO အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်ပြီး မကြာမီတွင် နယ်သာလန်နိုင်ငံက လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း နယ်သာလန် ကာကွယ်ရေးဝန်ကြီးက ကိယက်ဗ်မြို့တော်သို့ သွားရောက်လည်ပတ်မှုအပြီး မတ် ၂၀ ရက်က Reuters သတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

"ဒီနွေရာသီမှာ F-16 တိုက်လေယာဉ်တွေ စတင်လွှဲပြောင်းပေးပို့နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒိန်းမတ်က ပထမဆုံး ပို့ဆောင်ပေးမှာဖြစ်ပြီး ကျွန်မတို့မှာ အစီအစဉ် တစ်ခုရှိပါတယ်။ ဒီနှစ် ဒုတိယနှစ်ဝက်ထဲမှာ F-16 တွေကို ဒီနည်းအတိုင်း ပို့ဆောင်ပေးသွားမှာပါ"ဟု တိုက်လေယာဉ်များ ပို့ဆောင်မှုအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ခြင်းမရှိဘဲ Ollongren က ပြောကြားသွားခဲ့သည်။

ဆက်လက်ပြီး နယ်သာလန် ကာကွယ်ရေးဝန်ကြီး Kajsa Ollongren က ယူကရိန်းတာဝန်ရှိသူများထံမှ ခဲယမ်းများနည်းပါးနေကြောင်း သတင်းပေးပို့မှုများကြောင့် ဥရောပတွင် လက်နက်ခဲယမ်းများထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်ကြရန်လည်း တောင်းဆိုခဲ့သည်။

နယ်သာလန်သည် ယူကရိန်းအတွက် F-16 တိုက်လေယာဉ်သုံး ခဲယမ်းများနှင့် အဆင့်မြင့်ကင်းထောက်ဒရုန်းများ ဝယ်ယူရန်အတွက် ယူရိုသန်း ၃၅၀ (အမေရိကန်ဒေါ်လာ ၃၈၀ သန်း) ခွဲဝေပေးခဲ့သည်။ F-16 တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုနိုင်မည့် ဝေဟင်မှမြေပြင်ပစ်ခဲယမ်းများအတွက် ယူရိုသန်း ၁၅၀ ကျော် (အမေရိကန်ဒေါ်လာ ၁၆၃ သန်း) နှင့်ဒရုန်းများအတွက် ယူရိုသန်း ၂၀၀ ကျော် (အမေရိကန်ဒေါ်လာ ၂၁၈ သန်း) သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံအတွက် အမေရိကန်ထုတ် F-16 တိုက်လေယာဉ်များဝယ်ယူကာ လေယာဉ်မှူးများအား လေ့ကျင့်သင်ကြားပေးရန် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့တစ်ရပ်ကို အနောက်အုပ်စုနိုင်ငံများက ၂၀၂၃ ခုနှစ်အတွင်း ဖွဲ့စည်းလုပ်ဆောင်ခဲ့ပြီး တိုက်လေယာဉ်အစင်း ၄၀ ကျော် ပံ့ပိုးပေးရန် စီစဉ်ထားခဲ့သည်။ ဒိန်းမတ်နိုင်ငံက F-16 တိုက်လေယာဉ် ၁၉ စင်း၊ နယ်သာလန်က အစောပိုင်းတွင် ၁၈ စင်း၊ နောက်ပိုင်းတွင် ခြောက်စင်း ထပ်မံတိုး၍ပေးအပ်ရန် ကတိပြုခဲ့ကြသည်။ ဘယ်လ်ဂျီယံက အရေအတွက် ထုတ်မပြောသေးဘဲပေးအပ်ရန်သာ ကတိပြုထားသည်။ နော်ဝေက ငါးစင်းမှ ၁၀ စင်းထိ ပံ့ပိုးပေးနိုင်ကြောင်း ထုတ်ဖော်ပြောကြားထားသည်။

သို့သော် ယူကရိန်းတာဝန်ရှိသူများကမူ အမေရိကန်က ဒီဇိုင်းထုတ်ထားသော တိုက်လေယာဉ်များကို ကြံ့ခိုင်ထိန်းသိမ်းရာတွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သတိပေးထားသည်။ F-16 တိုက်လေယာဉ်များသည် ယူကရိန်း၏စွမ်းဆောင်ရည်တွင် သေချာပေါက်ပါဝင်လာမည်ဖြစ်သော်လည်း စစ်မြေပြင်အခြေအနေများကို အခြေခံကျကျပြောင်းလဲနိုင်မည့် စွမ်းအားစုတစ်ရပ် ဖြစ်လာနိုင်မည်မဟုတ်ကြောင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် NATO အထွေထွေအတွင်းရေးမှူးချုပ် Jens Stoltenberg က ပြောကြားခဲ့ကြောင်း သိရသည်။

ယူကရိန်းသို့ လက်နက်တင်ပို့မှုသည် အဆုံးစွန်သောရလဒ်ကို မပြောင်းလဲဘဲ ပဋိပက္ခကို ရှည်ကြာစေမည်ဟု ရုရှားနိုင်ငံက အထပ်ထပ်အခါခါ သတိပေးထားသည်။ F-16 တိုက်လေယာဉ်များသည် ရုရှားစစ်ဘက်အတွက် တရားဝင်ပစ်မှတ်များဖြစ်လာမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က ပြောကြားခဲ့ပြီး အဆိုပါ တိုက်လေယာဉ်များ ပံ့ပိုးပေးအပ်မှုသည် ရုရှားနှင့် NATOတို့ကြား တိုက်ရိုက်ထိပ်တိုက်တွေ့ဆုံမည့် အန္တရာယ်ကို တိုးမြှင့်စေမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**NATO Nation Gives Timeline for F-16 Deliveries to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရတ်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သစ်များဝယ်ယူရန် ကြိုးပမ်းနေ

အီရတ်နိုင်ငံသည် ဒေသတွင်း ခြိမ်းခြောက်မှုများပြင်းထန်နေချိန်တွင် ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းအားများ ခိုင်မာအားကောင်းလာစေရန် လေယာဉ်ပစ်လက်နက်စနစ်သစ်များ ဝယ်ယူရန် နည်းလမ်းရှာ ကြိုးပမ်းနေကြောင်း Defense Post သတင်းဌာနက မတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရတ်တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူဗိုလ်ချုပ် Yehia Rasool က နိုင်ငံအနေဖြင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကိုလေ့လာရန် နိုင်ငံအများအပြားသို့ စစ်ရေးနှင့်နည်းပညာဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များစေလွှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာမှ အီရတ်ထံကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း သတင်းများထွက်ပေါ်နေသော်လည်း အမည်နာမအတိအကျထုတ်ဖော်ပြောဆိုထားခြင်း မရှိသေးဘဲ အီရတ်သည် ပဏာမခြေလှမ်းအတွက် မည်မျှရည်မှန်းထားသည် သို့မဟုတ် မည်သည့်အရာဝယ်ယူရမည်ကို ဆုံးဖြတ်ထားသည်ကိုလည်း မသိရှိရသေးပါ။

လျှို့ဝှက်ထားသောအချက်အလက်များရှိနေသော်လည်း လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အသစ်များသည် အသစ်ဝယ်ယူထားရှိထားသော ပြင်သစ်နိုင်ငံထုတ်ရေဒါများနှင့်အတူ ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်ကြောင်း Rasool က ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသည် ပြင်သစ်နိုင်ငံထုတ်ရေဒါများကိုဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီး ၎င်းတို့အနက် ပထမအသုတ်ရောက်ရှိလာခဲ့ပြီးဖြစ်သည်။ တာတို၊ တာလတ်၊ တာဝေးရှာများအပါအဝင် ရေဒါစနစ်အပိုင်းကို အပြီးသတ်လုပ်ဆောင်နေသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံ၏လေပိုင်နက်ကို တူကီယဲနှင့် အီရန်တို့က အကြိမ်ကြိမ်တိုက်ခိုက်နေခြင်းကြောင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အသစ်များ ဝယ်ယူရန် အီရတ်နိုင်ငံ၏ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဇန်နဝါရီလက အီရတ်နိုင်ငံကာဒစ်စတန်ဒေသရှိ နေအိမ်တစ်လုံးကို အီရန်က ပစ်လွှတ်တိုက်ခိုက်လာသော ပဲ့ထိန်းဒုံးကျည်တစ်စင်းထိမှန်ခဲ့ရာ အရပ်သားလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။ ထိုဖြစ်စဉ်အပြီး နာရီပိုင်းအကြာတွင် အီရတ်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်များသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များတပ်စွဲထားရာ အခြေစိုက်



စခန်းများကို အီရတ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးအဖွဲ့က တိုက်ခိုက်လာသော ဒရုန်းတစ်စင်းကို အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ခဲ့သည်။ တူကီယဲနိုင်ငံသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ အတိုက်အခံအဖွဲ့ကာဒစ်အလုပ်သမားပါတီကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ယခုလအစောပိုင်းတွင် နောက်ဆုံးတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အရပ်သားနှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံ၏ ကာကွယ်ရေးကိုအားကောင်းစေမည့် အပြင် ဒေသတွင်းပဋိပက္ခများ၌ စစ်နယ်ဝန်းတစ်ခုဖြစ်လာခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အီရတ်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း အမေရိကန်တပ်များတပ်စွဲထားခြင်းကို ရုပ်သိမ်းပစ်ရန် စဉ်းစားနေကြောင်း သိရသည်။

**Iraq Seeks New Anti-Aircraft Weapons ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ၇၉ နှစ်မြောက် တပ်မတော်နေ့မှသည် တပ်မတော်အောင်လံဝင့်ချီရှေ့သို့ချီ

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်သည် ၇၉ နှစ်မြောက် တပ်မတော်နေ့ဖြစ်ပြီး မကြာမီကာလအတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ အမိနိုင်ငံဂုဏ်ရောင် ထွန်းပြောင်စေရန် တပ်မတော်အနေဖြင့် ဂုဏ်ဆောင်ခဲ့သည်များမှာ ၇၉ နှစ်တာ ကာလအတွင်း အမြောက်အမြားရှိခဲ့ပေသည်။ သမိုင်းကြောင်းအစဉ်အလာ မချို့ခဲ့သည့် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ကာကွယ်ရေးတာဝန်များကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပေသည်။ ရှေးကလည်း တပ်မတော်အင်အား တောင့်တင်းခိုင်မာခဲ့သည့် အနော်ရထာ၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျတို့လက်ထက်တွင် မြန်မာများ ဘုန်းမီးနေလတောက်ပပြီး နိုင်ငံစည်ပင်သာယာဝပြောကာ နိုင်ငံသူ၊ နိုင်ငံသားများလည်း စည်းလုံးညီညွတ်ခဲ့ကြသည်။ နောက်ပိုင်း နိုင်ငံသူ၊ နိုင်ငံသားတို့ စည်းလုံးညီညွတ်မှုပြိုကွဲချိန် ၁၉ ရာစုနှောင်းပိုင်းတွင် နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်ကျရောက်ခဲ့ပြီး တစ်ပါးကျွန်ဘဝရောက်ရှိခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၄ နှစ်တာကြာခဲ့သည်။ နိုင်ငံတွင်းရှိ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်မှုမရှိခြင်း၏အဖြစ်သည် အပြစ်ဒဏ်အနေဖြင့် သူ့ကျွန်ဘဝတွင် နှစ်တာရှည်ကြာခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရပေသည်။

**ကျွန်ဆွဲတာခံရ**

နွားကွဲကျားဆွဲခံရသည်ဟူသော စကားပုံလာ စကားရပ်သည် လူတွင်လည်း စည်းလုံးညီညွတ်မှုမရှိပါက လူဆွဲခံရမည်၊ ကျူးကျော်ခံရမည်ဟု ပြောသကဲ့သို့ ဖြစ်နေသည်။ တစ်ပါးသူကျူးကျော်ခံရသောအခါ ကိုယ့်မင်းကိုယ့်ချင်းနှင့် အုပ်ချုပ်ခြင်းမျိုး မဟုတ်တော့ဘဲ အဘက်ဘက်က အောက်ကျနောက်ကျနှင့် အုပ်ချုပ်ခံနေရသည်။ ပညာရေး၊ ကျန်းမာရေးကအစ လူမှုစီးပွားရေးများ နိမ့်ကျလာကာ သခင်နှင့် ကျွန်စနစ်များ အသက်သွင်းလာကြတော့သည်။ လူလူချင်းနှိပ်ကွပ် အုပ်ချုပ်ရှုံသာမက စိတ်ကိုပါ ယုတ်ညံ့ကျဆင်းလာအောင် ဇာတ်သွင်းခံရသည်။ နိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများသည်လည်း ကိုလိုနီစနစ်အတွင်း သွတ်သွင်းခံရပြီး ၎င်းတို့နိုင်ငံအကျိုးအတွက် ထုတ်ယူသုံးစွဲခံရကာ မြို့အမည်ပေးခြင်း၊ လမ်းအမည်ပေးခြင်းများကအစ နယ်ချဲ့တို့၏ထူးချွန်သူတို့ အမည်နာမများကို ဂုဏ်ပြုခေါ်ဝေါ်သတ်မှတ်ကာ ပြောင်းလဲခဲ့ကြသည်။ ၎င်းတို့အချိန်ကြာမြင့်စွာ တစ်ရာစုကျော် အုပ်ချုပ်ခဲ့ကြသဖြင့် မြန်မာလူမျိုးတချို့ပင်လျှင် အင်္ဂလိပ်အမည်နာမများ မှည့်ခေါ်ကြသည်ထိ သူတို့၏ အငွေ့အသက်များက စိမ့်ဝင်စွဲမြဲလာကြသည်။

**ဇာတိသွေး ဇာတိမာန်**

မီးနှင့်ဝေးသည့်ချိပ်ပမာ နယ်ချဲ့လက်အောက် အနေကြာလာသောအခါ ဇာတိသွေး ဇာတိမာန်များသည်ပင် ဘာများလဲဟုမေးရမလိုထိ အေးခဲလာကြသည်။ ကျွန်သပေါက်ဘဝ ကျရောက်ရသည်ကိုပင် ဂုဏ်ယူချင်သည့် မောင်မစ္စတာ၊ မမစ္စကတို့ခေတ်ကို ရောက်နေကြသည်မှာ နိုင်ငံရေးရေချိန်ကလည်း အောက်ဆုံးအဆင့်ထိ ထိုးကျသည်ထိ ဖြစ်နေကြ၍ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာတပ်မတော်က ပြန်လည်ကာ နိုင်ငံကိုဦးဆောင်မှုပေးခဲ့ကြရသည်။ တပ်မတော်နှင့်အတူ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ကို ပြန်လည်ပြုစုပျိုးထောင်ကာ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် နယ်ချဲ့ဖက်ဆစ်ကို တွန်းလှန်တိုက်ပွဲဝင်ခဲ့ရာက တော်လှန်ရေးနေ့ဖြစ်ပေါ်လာခဲ့ပြီး နောင်တွင် နယ်ချဲ့မှအစ ကျူးကျော်သူများအပါအဝင် နိုင်ငံ၏အဖျက်ရန် ဆူးငြောင့်ခလုတ်များကို သုတ်သင်ဖယ်ရှား ရှင်းလင်းတိုက်ပွဲဝင်ခဲ့သည့် တပ်မတော်သားများကို ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်နေ့ဟု ပြောင်းလဲသတ်မှတ်ခဲ့ကြသည်။

**တပ်မတော်သည်အမိ တပ်မတော်သာအဖ**

ဤသို့ခေါ်ဝေါ်ရသည်ထိ တပ်မတော်သည်နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ရှပ်ရှပ်ချွံချွံ ရင်ကိုမြေကတုတ်ပြု၍ လေ့ခွက်ချည်းကျန် အလံမလှဲဘဲ တိုက်ပွဲဝင်ခဲ့ကြရာ လွတ်လပ်ရေးရပြီး တိုင်းပြည်တည်ဆောက်ရေးမလုပ်နိုင်ခင်မှာပင် ပြည်တွင်းစစ်မီးသည် တစ်နိုင်ငံလုံးလောင်ကျွမ်းခဲ့သည်မှာ ရန်ကုန်အင်းစိန်နားရောက်သည်ထိ အရှိန်အဟုန်ပြင်း၍ ရန်ကုန်အစိုးရဟုခေါ်ခံနေရသည့် ခေတ်ဆိုးကာလကြီးကို တပ်မတော်က ဦးဆောင်ကာ တုံးတိုက်တိုက်ကျားကိုက်ကိုက်ဖြင့် ရဲရဲဝံ့ဝံ့ မာန်ဟုန်ပြင်းပြင်းနှင့်စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ပြီး မြန်မာနိုင်ငံကြီးကို လက်မတင်လေး ကယ်တင်ခဲ့ပေသည်။ ထိုသို့မဆောင်ရွက်ခဲ့ပါက မြန်မာနိုင်ငံကြီး၏အဖြစ်သည် ကူသူကယ်သူမဲ့၍ အကြောင်းဆိုးသွားနိုင်သည့်အခြေအနေတွင် ရောက်ရှိနေခဲ့မည်မှာ ယခုအချိန် ပြန်တွေးကြည့်လျှင်ပင် အသည်းတထိတ်ထိတ်ရင်တခုန်ခုန်ဖြစ်ကြရသည်။ တပ်မတော်သာ ကယ်တင်နိုင်ခြင်းမရှိပါက နိုင်ငံတော်၏ ဂုဏ်သိက္ခာသည်လည်း အဖတ်ဆယ်၍ မရနိုင်သကဲ့သို့ ကမ္ဘာ့အလယ်တွင် မျက်နှာပြရန်ခက်ကာ မည်သည့်နိုင်ငံသားလဲဟုမေးပါက ဖြေရန်မှာစကားမရှိဖြစ်ရချေမည်။

**ကိုယ့်သမိုင်းကြောင်းနှင့်ကိုယ်**

နိုင်ငံတိုင်းသည် ကိုယ့်ဖြစ်ရပ်၊ ကိုယ့်သမိုင်းကြောင်းများနှင့်ကိုယ် ဖြစ်ကြပေသည်။ သူများနိုင်ငံ၏ စနစ်နှင့်အဖြစ်များကို မိမိနိုင်ငံကို ပုံတူကူးမိတ္တူယူကာ ပြုရန်မှာလည်း ကိုက်ညီမှုရှိနိုင်မည်မထင်ပါ။ သို့ပါ၍ ကိုယ့်လမ်းနှင့်ကိုယ် လျှောက်လှမ်းကြရသည်သာဖြစ်သည်။ သို့ဖြစ်၍ပင် မြန်မာနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်သည် အရေးကြုံတိုင်း ကာကွယ်တားဆီးခဲ့ရကာ မြန်မာ့နိုင်ငံရေးသမိုင်းသည်ပင် တပ်မတော်၏သမိုင်းဟုဆိုရလောက်အောင် ဒွန်တွဲလျက်ရှိနေခဲ့သည်။ ဘယ်အချိန်၊ ဘယ်အခါမဆို တပ်မတော်သည် နိုင်ငံတော်အတွက် အမြဲအသင့်ရှိနေသည်က မငြင်းနိုင်ဖွယ်သော အမှန်တရားတစ်ရပ်ဖြစ်ကြောင်း သမိုင်းကသက်သေတည်နေသည်။ တပ်မတော်သည် မည်သည့်အချိန်တွင် နိုင်ငံရေးမှ ဆုတ်ခွာမလဲဟုဆိုသော် EAOများနှင့် ငြိမ်းချမ်းရေးရပြီးချိန်ထိဟု ဆိုရပေမည်။ တပ်မတော်သည် နိုင်ငံရေးတွင်ရှိနေရခြင်းမှာ နိုင်ငံတော်အတွက်သာဖြစ်ကြောင်းကို သမိုင်းတစ်လျှောက်ကြည့်ကြပါက ထင်ထင်ရှားရှား သိမြင်ရမည်ဖြစ်သည်။

> ❖ ဤသို့အစဉ်အလာရှိသော မျိုးချစ်တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်လျက် ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သတင်း သင်းပျံ့မွှေးအောင် ရှေးကလည်းဆောင်ရွက်ခဲ့သကဲ့သို့ ယခုချိန်တွင်လည်း ဆောင်ရွက်ဂုဏ်ဆောင်ရပေမည်။ ဖန်နေဝန်းသို့ ညီထွန်းလင်းပြောင်ပေသည်။ ဒါတို့တိုင်းတို့ပြည်တို့ကာကွယ်မည်ဆိုသည့်အတိုင်း နိုင်ငံဂုဏ်သိက္ခာ လင်းလက်တောက်ပအောင် အားသွန်ခွန်စိုက်ဆောင်ရွက်ရပေမည်။ လွယ်လွယ်နှင့်ရခဲ့သည်မဟုတ်သော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရပေမည်။ ❖

**လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ**

ဤသို့ဆိုလျှင် တပ်မတော်အနေဖြင့် နိုင်ငံတော်အား ကာကွယ်နေသည်ကို အကြမ်းဖျင်းမြင်ကြပြီဟုထင်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နယ်နိမိတ်အပိုင်းအခြားကို မပျက်စီးရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးသွားရမှုကို နှစ်ပေါင်း ၁၂၄ နှစ်တာ နိုင်ငံတော်ကြီးက ရင်စည်းခံခဲ့ရပြီးဖြစ်သည်။ သို့ဖြစ်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တပ်မတော်က မမှိတ်မသုန် ဦးတည်ချက်ထား၍ အလေးထား ဦးထိပ်ပန်ဆင် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း ထင်သာမြင်သာရှိကြပြီဟု ထင်သည်။ လွတ်လပ်ရေး၏အရသာကို ပြည့်ပြည့်ဝဝခံစားနိုင်ရေးမှာလည်း တပ်မတော်က လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးကို ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ချေမည်ဟုလည်း ဆိုချင်သည်။

**ငြိမ်းချမ်းမှ**

"ငြိမ်းချမ်းရေးပန်း၊ စွင့်ကာလန်းမှ၊ စခန်းသည့်မြေ၊ အားသစ်ဝေကာ၊ ပြည်မှာကောင်းကျိုး၊ ထပ်ဆင့်ပိုးလို့၊ အဆိုးဖယ်ခွာ၊ နေခြည်ဖြာ၍၊ သာယာချမ်းမြေ့၊ အောင်စည်ဝေ့ပြီ၊ ပျော်မွေ့ဖွယ်ရာ ပြည်မြန်မာ"ဟု လတ်တလောစပ်လိုက်သည့် ကဗျာတစ်ပိုဒ်ကဲ့သို့ နေ၍ပျော်မွေ့သော မြန်မာနိုင်ငံဖြစ်ရန် အရေးကြီးပေသည်။ ထိုသို့ဖြစ်ရန်မှာလည်း အဓိကကျသော ငြိမ်းချမ်းရေးရရန်လိုသည်။ ငြိမ်းချမ်းမှ ပြည်သာမည်၊ ပြည်သာမှ လမ်းပန်းဆက်သွယ်ရေးကောင်းမည်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမှ ရောင်းပန်းဝယ်ပန်းပွင့်မည်၊ ရောင်းပန်းဝယ်ပန်းပွင့်မှ စီးပွားရေးကောင်းမည်၊ စီးပွားရေးကောင်းမှ နိုင်ငံဖွံ့ဖြိုးမည်ဆိုသည်မှာ လူတိုင်းသိသော အမှန်တရားပင်ဖြစ်သည်။

**၇၉ နှစ်မြောက်တပ်မတော်**

တပ်မတော်ကြီး၏ ဖြတ်သန်းလာရသည့် သမိုင်းစဉ်သည် ဆယ်စုနှစ် ရှစ်စုနားကို နီးကပ်နေပေပြီ။ အဆိုးအကောင်း အကျိုးအကြောင်းကိုဖြင့် စာဖေတို့က နှောကျေနေပြီဖြစ်သည်။ ပြည်ထောင်စုကြီး မပြိုကွဲရေးကို ဦးတည်ဆောင်ရွက်နေရခြင်းသာဖြစ်ပြီး ယခုပြဋ္ဌာန်းလိုက်သော ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန်အကျုံးဝင်သူ အမျိုးသား ၆ ဒသမ ၃ သန်းနှင့် အမျိုးသမီး ၇ ဒသမ ၇ သန်းရှိကြောင်းသိရှိရပြီး ထိုအထဲတွင်မှ အမျိုးသားကို တစ်ရာခိုင်နှုန်းဖြစ်သည့် ခြောက်သောင်းခန့်ကိုသာ အလှည့်ကျခေါ်ဆောင် တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း သိရှိရသည်။ ပြောရမည်ဆိုလျှင် လူ ၂၀၀ တွင် တစ်ဦးသာ စစ်မှုထမ်းဆောင်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။ အရေးရှိပြီဖြစ်၍ သွေးကိုကြည့်ကြရပေမည်ဖြစ်ကာ သွေးနီမောင်းကြောင်းကို ပြသရမည့်အချိန်လည်းဖြစ်သည်။ ခရီးရှည်ကြီးကို ဖြတ်သန်းလာရသော တပ်မတော်ကြီးအနေဖြင့် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် မျိုးချစ်စစ်သည်တော် ယောက်ျားကောင်း၊ ယောက်ျားမြတ်များကို လက်ဆင့်ကမ်းအမွေပေးအပ်ရန် လက်ကမ်းကြိုလျက်ရှိသည်။

**အောင်လံဝင့်ချီ**

စစ်သည်တော်ဟောင်းတစ်ဦး ပြောခဲ့သည်ဟု ကြားဖူးခဲ့သည်။ ထိုမှာတမ်းလေးကတော့ "ငါ့သားများ စစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ။ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောက်ျားမြတ် ဖြစ်စေနိုင်တဲ့တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့" ဟုဆိုသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေသည့်သူများကိုရော ထပ်မံထမ်းဆောင်တော့မည့်သူများကိုပါ လက်တို့အသိပေးနေသည်။ နိုင်ငံတော်တွင် အရေးကြုံတိုင်း ထိုယောက်ျားမြတ်တို့ဖြင့် ဖွဲ့စည်းအပ်သောတပ်မတော်သည် ရှေ့ကမားမားမတ်မတ်ရပ်တည်ကာ ဦးလည်မသုန် ထမ်းရွက်ခဲ့ကြသည့်သာဓကများမှာ သမိုင်းတစ်လျှောက်တွင် ပြည့်နှက်နေခဲ့ပြီဖြစ်သည်။ တပ်မတော်သမိုင်း ဘယ်မရှိုင်းအောင် ကာကွယ်စောင့်ရှောက်ခဲ့ကြသည်မှာ သမိုင်းတွင် သက်သေအရာဇ္ဈ ထင်ထင်ရှားရှားရှိသည်။ ပြောရမည်ဆိုလျှင် တပ်မတော်၏ ရဲစွမ်းသတ္တိများသည် ကမ္ဘည်းမော်ကွန်းတင်ထိုက်စွာဖြင့် နိုင်ငံဂုဏ်သိက္ခာအတွက် ရေးထိုးမှတ်တမ်းများရှိကာ အောင်လံဝင့်ချီခဲ့ပြီဖြစ်သည်။

**ရှေ့သို့ချီ**

ဤသို့အစဉ်အလာရှိသော မျိုးချစ်တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်လျက် ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သတင်း သင်းပျံ့မွှေးအောင် ရှေးကလည်းဆောင်ရွက်ခဲ့သကဲ့သို့ ယခုချိန်တွင်လည်း ဆောင်ရွက်ဂုဏ်ဆောင်ရပေမည်။ ဖန်နေဝန်းသို့ ညီထွန်းလင်းပြောင်ပေသည်။ ဒါတို့တိုင်းတို့ပြည်တို့ကာကွယ်မည် ဆိုသည့်အတိုင်း နိုင်ငံဂုဏ်သိက္ခာ လင်းလက်တောက်ပအောင် အားသွန်ခွန်စိုက်ဆောင်ရွက်ရပေမည်။ လွယ်လွယ်နှင့်ရခဲ့သည်မဟုတ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရပေမည်။ ပြည်ထောင်စုတပ်မတော်အနေဖြင့် တက်မကိုင်၍ ပြည်ထောင်စု လှေကြီးကိုလှော်ခတ်ရာတွင် အားလုံးက တက်ညီလက်ညီဖြင့် နိုင်ငံအကျိုးကို ဦးထိပ်ပန်ဆင်လျက် ပန်းတိုင်ဆီကိုဦးတည်ကာ ရှေ့သို့ချီရမည်ဖြစ်သည်။ ပြောရမည်ဆိုလျှင် ၇၉ နှစ်မြောက်တပ်မတော်နေ့အခါသမယမှ တစ်ဖန်စ၍ တပ်မတော်သည် အောင်လံဝင့်ချီလျက် ရှေ့သို့ချီရမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

**ကိုးကား**

- **တပ်မတော်သမိုင်း (တတိယတွဲ)**
- **၁၆-၂-၂၀၂၄ နေ့ထုတ် ရတနာပုံသတင်းစာ**

**ဗန်ညို**

# ချစ်စိတ်ကို မျိုသိပ်ထားသော်လည်း

မိသားစုတစ်စုတွင် ဖခင်တစ်ဦး၏တာဝန်သည် များပြားလှပေသည်။ အိမ်မှုစရိတ်ရှာဖွေသည်မှစ၍ သား၊ သမီးများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်တာဝန်အားလုံးကို မမောမပန်း ထမ်းဆောင်နေရသည်။ ဖခင်တစ်ဦး၏ အမြော်အမြင်ကြီးမားမှု၊ အရည်အချင်းပြည့်ဝမှု၊ စီးပွားဥစ္စာရှာဖွေနိုင်မှုအပေါ် မူတည်၍ ၎င်းကိုမှီခိုနေသောမိသားစုအားလုံးသည် မတောင့်မတ မကြောင့်မကြ လူတန်းစေ့ နေထိုင်နိုင်ခြင်း၊ သား၊ သမီးအားလုံးသည် အဆင့်မြင့်ပညာ သင်ကြားနိုင်ခြင်း စသည့်ကောင်းကျိုးများစွာကို ခံစားကြရသည်။ စင်စစ်အားဖြင့် ဖခင်တစ်ဦးသည် မိသားစုတစ်စုကို အကာအကွယ်ပေးသည့် စစ်သူကြီးတစ်ဦးဖြစ်သလို ငွေကြေးရှာဖွေပေးသည့် ဘဏ္ဍာရေးဝန်ကြီးတစ်ဦးလည်း ဖြစ်နေသည်။

**အဖေများနေ့**

မြန်မာနိုင်ငံတွင် နှစ်စဉ် တပေါင်းလပြည့်နေ့ကို အဖေများနေ့အဖြစ် သတ်မှတ်ထားရှိသည်။ သို့သော် အချို့သား၊ သမီးများသည် အဖေများနေ့ကို မေ့လျော့နေတတ်ကြသည်။ ကျေးဇူးသိတတ်သည့် သား၊ သမီးများသည် အမေများနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသကဲ့သို့ အဖေများနေ့ကိုလည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် အသိအမှတ်ပြု ကျင်းပပေးလေ့ရှိကြသည်။ မိဘကျေးဇူးတရားကိုသိတတ်ပြီး ယဉ်ကျေးပျူငှာသိမ်မွေ့သည့် သား၊ သမီးတို့သည် အဖေများနေ့နှင့် အမေများနေ့ကို နေ့စဉ် ကျင်းပလျက်ရှိသည်ဟုပင်ဆိုနိုင်ပါသည်။

အမှန်တော့ မိသားစုအားလုံးအပေါ် အနစ်နာခံ၍ အလုပ်အကျွေးပြုနေသည့် ကမ္ဘာတစ်ဝန်းရှိ အနန္တဂိုဏ်းဝင်ဖခင်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇွန်လတတိယပတ် (တနင်္ဂနွေနေ့)ကို အဖေများနေ့အဖြစ် သတ်မှတ်ထားကြသည်။ စင်စစ်အားဖြင့် ကျွန်ုပ်တို့အားလုံးသည် အဖေရှိ၍သာ လူဖြစ်လာရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အမေများနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသကဲ့သို့ အဖေများနေ့ကိုလည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ အသိအမှတ်ပြုကျင်းပပေးလေ့ရှိကြသည်။ မည်သည့်နည်းနှင့် ကျင်းပနေသည်ဖြစ်စေ မိဘများ၏ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ပြန်လည်ကျေးဇူးသိတတ်ခြင်းသည် မင်္ဂလာရှိသောလုပ်ရပ်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် သား၊ သမီးအသီးသီးသည် အဖေများနေ့နှင့် အမေများနေ့ကို နေ့စဉ်ပင် ကျင်းပသွားသင့်ပါသည်။

**ကျေးဇူးသိတတ်သူများ**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ရှေးယခင်ကတည်းကပင် အနန္တဂိုဏ်းဝင် မိဘနှစ်ပါးဖြစ်ကြသည့် အဖေနှင့်အမေတို့၏တုနှိုင်းမဲ့သော ကျေးဇူးတရားများကို အစဉ်ထာဝရ အောက်မေ့သတိရတတ်ကြသည့် ယဉ်ကျေးသိမ်မွေ့သော လူမျိုးများဖြစ်ကြသည်။ မိဘနှစ်ပါးကို အိမ်ဦးခန်းတွင်ထားရှိပြီး ဝတ်ကြီး၊ ဝတ်ငယ်ပြုလုပ်လေ့ရှိသည်မှာ မြန်မာလူမျိုးများသာဖြစ်သည်။

ထို့ပြင် ကျေးဇူးသိတတ်သော မြန်မာတို့သည် မိဘများကို ဂုဏ်ပြုသောအားဖြင့် “အဖေများနေ့” နှင့် “အမေများနေ့”ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလေ့ရှိကြသည်။ ထိုနေ့များတွင် မိဘများကိုရည်စူး၍ အလှူအတန်းကောင်းမှုကုသိုလ်များလည်း ပြုလုပ်ပေးလေ့ရှိကြသည်။ မိဘကျေးဇူးကိုသိတတ်ခြင်းသည် သား၊ သမီးများအတွက် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။

**တာဝန်များပြား**

စာရေးသူသည် ငယ်စဉ်က ဒုတိယတန်းမြန်မာဖတ်စာတွင် ပြဋ္ဌာန်းထားသော “တို့ဖေဖေ” ကဗျာလေးကို ရွတ်ဆိုခဲ့ရစဉ်ကတည်းကပင် ဖခင်တစ်ဦး၏ များပြားလှသောတာဝန်နှင့် မေတ္တာတရားတို့ကို အထင်ကြီးလေးစားတန်ဖိုးထားခဲ့မိပါသည်။ အသက်ကြီးလာလေလေ ထိုကဗျာလေး၏အနှစ်သာရကို ပိုမိုခံစားရလေလေပင်ဖြစ်သည်။ လူတိုင်းတွင် အဖေရှိကြသလို အမျိုးသားတိုင်းသည်လည်း ခြွင်းချက်ရှိသူမှလွဲ၍ အရွယ်ရောက်လျှင် ဖခင်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ဖခင်တစ်ဦးသည် မိသားစုများ၏စား၊ ဝတ်၊ နေရေးမှသည် တိုင်းပြည်အရေးအရာများထိ များပြားလှသောတာဝန်များကို သယ်ပိုးထမ်းဆောင်ရသဖြင့် လွန်စွာပင်ပန်းလှပေသည်။ ကိုယ်တိုင် ဖခင်နေရာရောက်သည့်အခါ ဖခင်များ၏ဘဝကို ပို၍ကိုယ်ချင်းစာမိလာသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဖခင်တစ်ဦး၏ အဓိကတာဝန်သည် မိသားစုအတွက် ငွေရှာထွက်ရခြင်းပင်ဖြစ်သည်။ ဖခင်များသည် သား၊ သမီးများ လူတန်းစေ့နေနိုင်ရေးအတွက် နေ့မအားညမအား အလုပ်လုပ်ကြရသည်။ ဖခင်တစ်ဦးသည် မိသားစုကို ဦးစီးဦးဆောင်ပြုနိုင်မှသာ သား၊ သမီးများ၏ စံပြပုဂ္ဂိုလ်ဖြစ်နိုင်ပေသည်။

ထို့ကြောင့် ဖခင်တစ်ဦး၏တာဝန်သည် အလွန်ပင်ကြီးမားလှပေသည်။ ဖခင်သည် မိခင်ကဲ့သို့ သား၊ သမီးများနှင့် အချိန်ပြည့် လက်ပွန်းတတီး နေထိုင်နိုင်ရန် အခွင့်အလမ်းမရှိသဖြင့် မိခင်က ပိုချစ်သည်ဟု သား၊ သမီးများက ရှုမြင်တတ်ကြ သည်။ လက်တွေ့မှာမူ သား၊ သမီးများအပေါ်ထား ရှိသော ဖခင်နှင့် မိခင်တို့၏ မေတ္တာတရားသည် အပို၊ အလိုမရှိ တန်းတူညီမျှပင်ဖြစ်သည်။

မိခင်သည် သား၊ သမီးများအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတရားကို ဖွင့်ဟပြောဆိုလေ့ရှိသော်လည်း ဖခင်သည် ချစ်စိတ်ကို မျိုသိပ်ထားလေ့ရှိသည်။ သို့သော် ရင်တွင်း၌မူ သား၊ သမီးများအပေါ်ထားရှိသည့်မေတ္တာများ အပြည့်အဝ ကိန်းအောင်းလျက်ရှိသည်မှာ ကျွန်ုပ်တို့ လုံးဝသံသယဖြစ်စရာမလိုသည့် ပကတိအရှိတရားပင်ဖြစ်သည်။

ဖခင်များသည် မိသားစုအရေးကိစ္စနှင့် သား၊ သမီးများအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်ရန်စွယ်မှန်သမျှကို ရှေ့မှနေ၍ မားမားမတ်မတ် ရပ်တည်ကာ ဖြေရှင်းပေးနိုင်ကြသူများဖြစ်ကြသည်။ ဖခင်တစ်ဦး၏ တော်တည့်မှန်ကန်စွာ ဦးဆောင်လမ်းပြနိုင်မှုအပေါ် မူတည်၍ သား၊ သမီးများ၏ အောင်မြင်ထွန်းပေါက်မှုများ ကွာခြားသွားလေ့ရှိကြသည်။ စင်စစ်အားဖြင့် ဖခင်များသည် မိသားစု စား၊ ဝတ်၊ နေရေးနှင့် သားသမီးများ၏ပညာရေးအတွက် အစွမ်းကုန် လုပ်ကိုင်ရှာဖွေကျွေးမွေးစောင့်ရှောက်နေသည့် ကျေးဇူးရှင်များပင်ဖြစ်ကြသည်။ ထိုကျေးဇူးရှင် ဖခင်များ အသက်ကြီးလာသည့်အချိန်တွင် သား၊ သမီးများက တစ်လှည့်ကျွေးမွေးပြုစုစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ မိဘမေတ္တာသည် “စုန်ရေ”ပမာ တသွင်သွင်စီးဆင်းနေသည်ဟုဆိုသော်လည်း သား၊ သမီးများကလည်း “ဆန်ရေ”မေတ္တာဖြင့် တုံ့ပြန်ပေးဆပ်နိုင်အောင် ကြိုးစားသွားရန်လိုအပ်သည်။

> ❖ ဖခင်များသည် မိသားစုအရေးကိစ္စနှင့် သား၊ သမီးများအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်ရန်စွယ်မှန်သမျှကို ရှေ့မှနေ၍ မားမား မတ်မတ်ရပ်တည်ကာ ဖြေရှင်းပေးနိုင်ကြသူများဖြစ်ကြသည်။ ဖခင် တစ်ဦး၏ တော်တည့်မှန်ကန်စွာ ဦးဆောင်လမ်းပြနိုင်မှုအပေါ် မူတည်၍ သား၊ သမီးများ၏ အောင်မြင်ထွန်းပေါက်မှုများ ကွာခြားသွားလေ့ရှိကြ သည်။ စင်စစ်အားဖြင့် ဖခင်များသည် မိသားစု စား၊ ဝတ်၊ နေရေးနှင့် သားသမီးများ၏ပညာရေးအတွက် အစွမ်းကုန် လုပ်ကိုင်ရှာဖွေကျွေးမွေး စောင့်ရှောက်နေသည့် ကျေးဇူးရှင်များပင်ဖြစ်ကြသည်။ ထိုကျေးဇူးရှင် ဖခင်များအသက်ကြီးလာသည့်အချိန်တွင် သား၊ သမီးများက တစ်လှည့် ကျွေးမွေးပြုစုစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ❖

**အသက်ပင်ပေးဆပ်လျက်**

မြန်မာလူမှုအဖွဲ့အစည်းတွင် ဖခင်သည် သား၊ သမီးများကို အသက်ပင်ပေးဆပ်လျက် ချစ်ခင်မြတ်နိုးခဲ့သည့် သက်သေသာဓကများစွာရှိပါသည်။ မြတ်စွာဘုရားလက်ထက်တော်က ဗိမ္ဗိသာရမင်းကြီးကို ဗုဒ္ဓဘာသာဝင် အဆွေစာချစ်သူအားလုံး သိရှိပြီးဖြစ်ပါသည်။ ထိုမင်းကြီးသည် နောက်ဆုံးတွင် သားဖြစ်သူ အဇာတသတ်မင်း၏ ထိုးနန်းလုသတ်ဖြတ်ခြင်းကိုခံခဲ့ရပါသည်။ ရင်နင့်ဖွယ်ရာဖြစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် ဖခင်များသည် သား၊ သမီးကိုအသက်ပင်ပေးဆပ်လျက် ချစ်ခဲ့သည်ဆိုသည်မှာ အားလုံးလက်ခံထားရမည့် အမှန်တရားပင်ဖြစ်သည်။

**အလုပ်အကျွေးပြုသင့်**

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့လူသားအားလုံးသည် ဘဝတွင် လူ့ပီသစွာကျင့်ကြံနေထိုင်ပြီး လောကီ၊ လောကုတ် နှစ်ဖြာသော ကောင်းကျိုးများရရှိအောင် ဆောင်ရွက်သွားရန်လိုအပ်သည်။ အခြေခံကျင့်ဝတ်ဖြစ်သည့် သား၊ သမီးကျင့်ဝတ်ကိုစောင့်ထိန်းလိုက်နာလျက် မိဘများအပေါ် တတ်နိုင်သမျှကျေပွန်အောင် ပေးဆပ်သွားသင့်သည်။ ကျေးဇူးဆပ်ရာ၌လည်း မိဘနှစ်ပါးသက်ရှိထင်ရှားရှိစဉ် အလုပ်အကျွေးပြုခြင်းသည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသော ကုသိုလ်တရားများဖြစ်သည်။ ငွေပေးရုံမျှဖြင့် သား၊ သမီးတာဝန် မကျေပွန်နိုင်ပေ။ မိဘများအပေါ် ဝတ်ကြီး၊ ဝတ်ငယ်ပြုစုပေးခွင့်ရရှိသည့် သား၊ သမီးများသာလျှင် ကုသိုလ်ပိုမိုရရှိနိုင်သည်။

ငွေကြေးစည်းစိမ်ရာထူးအခြေအရံအသိုက်အဝန်းများနှင့် ပြည့်စုံနေသူတချို့သည် ထိုပကာသနများအပေါ် မိန်းမောသာယာနေသဖြင့် မိဘများ၏ ကျေးဇူးကို မေ့လျော့နေတတ်ကြသည်။ မိဘများ၏ ကျေးဇူးတရားများကြောင့်သာ ထိုအခြေအနေမျိုးသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ထို့ကြောင့် မည်သည့်ဘဝ အခြေအနေမျိုးတွင်မဆို မိဘများကို လျစ်လျူရှု မထားသင့်ချေ။

ဖခင်နှင့်မိခင် နှစ်ဦးစလုံးသည် သားသမီးများအပေါ်တွင် တူညီသောမေတ္တာ များထားရှိကြသည့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များပင်ဖြစ်ကြသည်။ ထိုကျေးဇူးရှင် မိဘနှစ်ပါးကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အမေများနေ့နှင့် အဖေများနေ့ကို ကျင်းပနေခြင်းပင်ဖြစ်သည်။ ထိုနေ့များတွင် မိဘနှစ်ပါးကို ရည်မှန်းလျက် ကောင်းမှုကုသိုလ်များ ပြုလုပ်သွားခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော ကုသိုလ်များရရှိပွားများနိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုနေ့ ထိုရက်များတွင် သား၊ သမီးများမရှိတော့သည့် မိအို၊ ဖအိုများကိုလည်း တတ်နိုင်သမျှ ပံ့ပိုးလှူဒါန်းမှုများ ပြုပေးသင့်သည်။

**ချစ်စိတ်ကိုမျိုသိပ်ထားသော်လည်း**

ကမ္ဘာတစ်ဝန်းရှိ အဖေများကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ပါသည်။ ကမ္ဘာပေါ်ရှိ ဖခင်အားလုံးသည်လည်း သား၊ သမီးများအပေါ် အလားတူမေတ္တာတရားများရှိနေမည်မှာ အသေအချာပါပင်။ ထို့ကြောင့် သား၊ သမီးများအနေဖြင့် ကျေးဇူးရှင်ဖခင်များ သက်ရှိထင်ရှားရှိနေမည်ဆိုလျှင် တတ်နိုင်သမျှ အလုပ်အကျွေးပြုသွားသင့်ပါသည်။ ထိုသို့ မိဘများရှိနေချိန်တွင် ကျေးဇူးတုံ့ပြန်နိုင်ခြင်းမရှိသော သား၊ သမီးများသည် နောင်တများစွာနှင့်သာ ကြုံတွေ့ရတတ်ပါသည်။

ဆိုရလျှင် သား၊ သမီးများဖြစ်ကြသည့် ကျွန်ုပ်တို့သည် မိဘနှစ်ဦး၏ကျေးဇူးတရားကြောင့်သာ ရခဲလှသောလူ့ဘဝကို ရရှိလာခြင်းဖြစ်သည်။ ထိုလူ့ဘဝတွင် မိခင်၊ ဖခင်များ၏ ကျေးဇူးတရားကိုသိတတ်သည့် သား၊ သမီးများအဖြစ် ရပ်တည်သွားနိုင်ရေးသည် ပဓာနကျသော တာဝန်တစ်ရပ်ပင်ဖြစ်သည်။ မိဘများသည် သား၊ သမီးများအပေါ် စုန်ရေမေတ္တာ တသွင်သွင်စီးခဲ့သလို သား၊ သမီးများကလည်း မိဘကျေးဇူးသိတတ်သည့် ဆန်ရေမေတ္တာဖြင့် တုံ့ပြန်နိုင်အောင် ကြိုးစားသွားရန်လိုအပ်ပေသည်။ မိသားစုတစ်စုတွင် ဖခင်တစ်ဦးသည် သား၊ သမီးများအပေါ်ထားရှိသည့် ချစ်ခင်မြတ်နိုးမှုမေတ္တာတရားကို နှုတ်မှဖွင့်ဟပြောဆိုလေ့မရှိဘဲ ရင်ထဲ၌သာ မျိုသိပ်ထားလေ့ရှိကြသည်။ ထိုသို့ မေတ္တာတရားနက်ရှိုင်းလှသော ဖခင်များ၏ဂုဏ်ကျေးဇူးကို တတ်နိုင်သမျှ ပြန်လည်အလုပ်အကျွေးပြုကာ ပေးဆပ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Religious title and rice offering ceremonies for 2024 take place


The religious title offering ceremony in progress.

**Nay Pyi Taw March 24**

A ceremony to present religious titles for 2024 took place in conjunction with a rice-offering ceremony at Agga Dipati Sasana Beikman in the Maravijaya Buddha Park here this afternoon. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremonies and offered religious titles and rice.

Present were specially invited Chairman of State Sangha Maha Nayaka Committee Agga Maha Pandita Agga Maha Saddhamma Jotikadhaja Thanlyin Min Kyaung monastery Sayadaw Dr Bhaddanta Candimabhivamsa and Secretary of the SSMNC Patron of Masoyein Taikthit monastery in Mandalay Sayadaw of Dhammathamiddhi monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhaja Bhaddanta Vaselhabhivamsa, who led local and foreign Sayadaws and nuns who would be awarded religious titles. Present together with the Senior General and wife were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary Lt-Gen Aung Lin Dwe and wife, Joint Secretary Lt-Gen Ye Win Oo and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, officials and religious title recipient laypersons.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a nun.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a Sayadaw.

The ceremony was opened reciting namotassa three times, and Deputy Minister for Religious Affairs and Culture U Aye Tun read an opening message.

Next, the Senior General and wife and the congregation received the Five Precepts form SSMNC Chairman Sayadaw.

The Abhidhaja Maha Ratha Guru title-recipient Sayadaw of Maha Dhamika Yama Taik Meiktila Monastery in Chanmyathazi Township, Mandalay Region, Presiding Nayaka State Ovadhacariya Sayadaw Bhaddanta Sujanapiya delivered Sanmawdniya Katha, and Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated on religious matters.

Then followed the religious title conferring ceremony. The Senior General offered the Abhidhaja Maha Ratha Guru title and insignia to Sayadaw Bhaddanta Sumana of Buddha Sasana Theikpan Monastery and Sein Ma Ma Pali Takkatho Monastery in Mawlamyine.

The Vice-Senior General offered the Abhidhaja Maha Ratha Guru title and insignia to Sayadaw of Maha Dhamika Yama Taik Meiktila Monastery Bhaddanta Sujanapiya.

Lt-Gen Aung Lin Dwe offered the Abhidhaja Maha Ratha Guru title and insignia to Presiding Nayaka Sayadaw of Mahasi Sasana Yeiktha in Bahan Township Bhanddanta Vasava. Lt-Gen Ye Win Oo offered the Abhidhaja Agga Maha Saddhama Jotika title and insignia to Sayadaw of Zeyathiri Arthawka Monastery in Bago Bhaddanta Sireinda.

Then, the SAC members, union level persons, union ministers, senior military officers from the Office of the Commander-in-Chief and officials offered the titles of Abhidhaja Agga Maha Saddhama Jotika, Abhidhaja Maha Ratha Guru, Agga Maha Pandita, Agga Maha Saddhama Jotika Dhaja, Agga Maha Ganthavasaka Pandita and Agga Maha Kammathana and insignias to the recipient Sayadaws.

The Senior General's wife offered the Agga Maha Gantha Vasaka titles and insignias to Nun Daw Gunavadi of Zyeya Theingi Nunnery in Sagaing and Nun Daw Dhammaysi of Eithuwadi Nunnery in Monywa. See Page 13


Senior General Min Aung Hlaing presents Sasana Nokgaha title to a layperson.


Daw Kyu Kyu Hla presents Sasana Nokgaha title to a layperson.


Daw Kyu Kyu Hla presents Sasana Nokgaha title to a layperson.



Daw Kyu Kyu Hla offers religious title to a nun.

*From Page 12*

Then, Sasana Nokgaha titles were presented. The Senior General presented Agga Maha Sirisudhama Mani Jotadhara title to Dr Maung Maung Oo and Sirisudhama Mani Jotadhara titles to U Mann Sein and U Wan Shin Shwe.

The Vice-Senior General presented the Sirisudhama Mani Jotadhara title to U Aung Ko Zaw.

The Senior General and wife presented Agga Maha Sirisudhama Theingi titles to Daw San San Wai and Daw Nu Nu Nge and Sirisudhama Theingi titles to Daw Tin Nyunt, Daw Mya Win and Daw Ni Ni Kyaw. The Vice-Senior General and wife presented Sirisudhama Theingi titles to Daw Maw Maw Nyunt, Daw Htay Htay Yin and Daw Khaing Pyae Sone Kyaing.

Then, the Senior General and wife and the congregation meditated on sermon delivered by the member of the State Sangha Nayaka Committee Mandala Masoyain Taikthit Sayadaw and shared merits for donations before concluding the ceremony by reciting Buddha Sasanam Ciran Titatu three times.

The State Administration Council conferred religious titles on 421 members of the Sangha at home and abroad, 41 nuns and 47 lay persons in 2024 and at the ceremony held today, five Abhidhaja Maha Ratha Guru titles, six Abhidhaja Agga Maha Saddhama Jotika titles, 21 Agga Maha Pandita titles, 45 Agga Maha Jotika Dhaja titles, 23 Agga Maha Gantha Vacaka Pandita titles, eight Agga Maha Kamatharna Cariya titles and alms were conferred on Sayadaws and two Agga Maha Vacaka Pandita titles and alms were conferred on two nuns. Sasanugghaha titles insignias were conferred on 12 lay persons. Religious titles were also conferred on remaining title-winning Sayadaws and nuns and lay persons by relevant chief ministers and officials in Nay Pyi Taw Council Area, regions and states.

Then, rice offering ceremony was held and the Senior General and wife Daw Kyu Kyu Hla, the Vice-Senior General and wife Daw Than Than Nwe, the SAC secretary and wife, the SAC joint secretary and wife, SAC members and their wives, union level officials and union ministers and their wives, senior officers from the Office of the Commander-in-Chief of Defence Services and their wives, departmental staff and wellwishers offered rice and alms to title winning Sayadaws and nuns in respective pandals in the Maravijara Buddha Park.

100



Daw Than Than Nwe presents Sasana Nokgaha title to a lay person.

# FSD to give training for search and rescue course to people

**Mandalay March 24**

U Zaw Win Tun, Director of Mandalay Region Fire Services Department, said that district level training courses on search and rescue in disasters will be conducted for the people in Mandalay Region in 2024-25 financial year.

Earthquake, one of the intensified natural disasters, can cause loss of life and property for the people. As such, the training courses on search and rescue courses in natural disasters will be conducted in seven districts of Mandalay Region. Starting from this financial year, the department will give the two-week course to 50 trainees.

"Prevention of natural disasters cannot be done by Fire Services Department alone. It needs to cooperate with volunteers and philanthropic associations. So, we will conduct the search and rescue in earthquake course. So, trainees need to have capacity of skillfully handling the modern search and rescue equipment. The course aims to mitigate loss and waste in the earthquake. The course will be conducted in seven districts of the region," he added.

As natural disasters cannot be forecasted in advance, preparedness is being made for disaster earthquakes. Each course will admit 50 trainees. In coming financial year, the courses will take place in Meiktila, Aungmyethazan, Kyaukse, PyinOoLwin, Myingyan, NyaungU and Yamethin districts.

185



Firefighters undergoing training.

# Kawlin District completes winter corn harvest

**Kawlin March 24**

Kawlin District, Sagaing Region, has successfully harvested all 1,404 acres of corn planted during the 2023-2024 winter crop season, according to the Kawlin District Agriculture Department.

The harvest began in February and encompassed 382 acres in Kawlin Township and 1,022 acres in Wuntho Township. With an average yield of 15,000 pieces of corn per acre, the district expects a significant harvest.

"We're pleased to report the successful completion of the winter corn harvest," said U Win Thein, the head of the Kawlin District Agriculture Department. "Our department actively supported farmers through awareness campaigns to prevent pests and maximize yields."

While the initial planting target for the season was 2,112 acres, the final planted area reached 1,404 acres. This included 382 acres planted in Kawlin Township and 1,022 acres of field corn planted in Wuntho Township between October and December 2023.

The Kawlin District Agriculture Department played a crucial role by providing training and conducting field demonstrations for farmers cultivating both seed corn and field corn. This comprehensive support system likely contributed to the successful harvest.

206



Photo shows a pile of newly harvested pieces of corn.

# Fire prevention measures under taken at major markets in Mandalay

**Mandalay March 24**

Fire prevention measures are being taken at major markets in Mandalay this summer, said U Thet Naing, head of markets and slaughter houses department of Mandalay City Development Committee.

Combined teams are taking preventive measures of fire at markets in Mandalay.

"Officials from combined teams are checking Zaygyo, Mann Myanmar Plaza, temporary Mingala market, Nanshae Market and so on in Mandalay whether shops keep fire extinguishers and if not, these extinguishers must be exchanged with new ones. Moreover, officials instruct shop owners to keep proper wiring," he explained.

Officials from the markets and slaughter houses department of MCDC, Myanmar Fire Brigade, and Mandalay Region Fire Services Department conducted fire preventive measures at more than 40 markets in Mandalay starting from the second week of March.

"It is necessary to follow rules and disciplines of fire preventive measures at the markets in Mandalay this summer," he added.

184

# ITAR-TASS Media of Russia interviews Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing interviewed by ITAR-TASS Media of Russia.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing was interviewed by ITAR-TASS Media of Russian Federation about the situation of Russia-Myanmar sector-wise cooperation at the Credentials Hall of Zeyathiri Beikman in Yangon Region on 18 March morning. The following is the interview:

**(Q)** Excellency, we would like to express thanks for taking time for the interview. Russia and Myanmar have established and maintained significant relations in history for many years. Last year, our relations with Myanmar reached its 75th anniversary. I would like to recall a point about the relations during my childhood days. Myanmar Prime Minister U Nu who visited the Soviet Union is the first Myanmar I have ever seen during that time. Since then I have been interested in your country. Now, I have reached the point of interviewing Your Excellency, the Prime Minister of Myanmar. So, the first question I would like to ask is "Which sectors are the most successful in the cooperation between the two countries and which are still remaining".

**(A)** Relations between Russia and Myanmar have existed in history for many years. Later, I will present a piece of evidence about the relationship. Bilateral diplomatic relations were established on 18 February 1948 and now its age exceeds 76 years. There are various areas of bilateral cooperation. We have been cooperating in multiple sectors since our country's independence. But in the later periods, there is an increase in defence cooperation. Defence has two parts. The first one is related to military and the second, technological and technical cooperation. Russia has provided assistance for the modernization of Tatmadaw and taught science and technology and military techniques to Myanmar military officers in Russia. It is the largest area of cooperation. But there are other areas of cooperation. They are the agricultural sector, medical sector, energy sector, mining sector and so on. One of the ongoing projects is a small-scale nuclear-power station we are implementing with the Russian atomic energy composer group of Rosatom. Another one is a fertilizer factory project to produce chemical fertilizers in Myanmar through Russian technology. We are going to extend the project as the fertilizers are very effective in Myanmar at present. There are also many areas of bilateral cooperation including mining, wind power, solar power, and health and medicine production sectors. We have plans to continue all those sectors.

**(Q)** Excellency, please elaborate on the accomplished work programs and the ones that will be started soon during the time Your Excellency is serving as the Head of Government.

**(A)** Vote rigging in the 2020 election was found. Instead of solving the problem, there were attempts to grab power by force. Hence, we had to declare a State of emergency and assumed the duties. So, vote rigging had become the first problem we had to solve.

**(A)** When we scrutinized the problem, first we reformed the Union Election Commission (UEC). When we asked the new UEC check problem, it found that the number of eligible voters the former UEC announced exceeded 38 million. The scrutiny reports indicated that there were over 11.3 million fraudulent votes, which means nearly 30 percent were counterfeit votes. The volume of vote rigging was rather large. Vote rigging occurred not only at a single place or few places. It occurred in hundreds to thousands in all 315 townships where the election was held. I am telling the truth sincerely from the political point of view. We just said that there was vote rigging. In fact, the case was rather ugly. After exposing it, we first took action against all the persons who were responsible.

**(A)** As you know, Covid-19 infection was occurring during the time. The Second Wave arrived in Myanmar. Infection rate was high and over 600,000 were infected during the time. Many of them died. So, I took the Covid-19 prevention campaign seriously in the leading role. We faced a lot of hardships during that time. One of them was lack of vaccines and oxygen supply. Friendly neighbours provided help. Friendly countries including Russia gave us vaccines. So we were able to save the lives of many national people of our country. Although the Third Wave came to Myanmar, we were able to quickly contain and control the disease. So, we can say that we have overcome this problem, and it is our second accomplishment.

**(A)** Now, the third point. Covid-19 brought a global economic downturn together with it. Myanmar was also facing it. Unlike others, the root cause in Myanmar was not Covid-19, but weak economic management that started in about 2018. Thanks to our all-out efforts the economy recovered. But we had to struggle very hard for it. We witnessed economic resurgence throughout the years from 2021 to 2023.

**(A)** Another point is the internal peace and stability of Myanmar. There are two factors as regards peace and stability. One part is the disorders and strikes conducted by disagreed persons after the declaration of the State of emergency. So, we had to restore peace and stability. Another factor is internal armed conflicts that broke out since the country regained independence. The country is still facing the conflicts. So, we had to amend the broken peace. We have reached an agreement at the Union Peace Conference in 2015. It was Nationwide Ceasefire Agreement (NCA). We could sign it. We have been maintaining the NCA till now, and it is our main task. Lack of peace and stability is the main cause of low development in Myanmar. So, we are trying to restore peace and stability.

**(A)** As another point, the emergence of the State Administration Council was a consequence of the voting frauds. So, it was a consequence of the election rigging process. So, we have an ultimatum aim to hold a free and fair election. At a time when the process of the State of Emergency period, we will hold the election, At that time, we will hand over the State power to the National Defence and Security Council. Then, we will hold the election within six months under the leadership of the National Defence and Security Council. To do so, we will primarily emphasize correctness of the voter list not to cause voting errors. So, we will manage correctness of the voter list this year as much as possible. If the State is peaceful and stable, we have a plan to hold the election in relevant sections as much as we can even if the election is not held nationwide under the law.

**(Q)** I know the Prime Minister have visited Russian many times. On your arrivals, I know you paid visits to the landmarks of Russia. So, I want to ask a question. May I know your opinion over Russia and tell me please some points about Russia.

**(A)** Despite far distance between the two countries, Russia and Myanmar are close to each other in morale due to similar past events. Russian was called Soviet in the past. In the Soviet era, Russia was a world's leadership country to manage the balance of world power. After the Soviet Union had disintegrated, Russian struggled much. At that time, due to morale of Russian people, leadership of the government and cooperation of Russian Armed Forces, Russia becomes a world's leader country till today. I believe Russia is controlling a balance situation of the world. In my view, Russia is developing. As a significant point, Russia is located in the northern part of the world with cold areas. Moreover, Russia is located in the western and the eastern part of the world. So, I review that Russia plays a crucial role worldwide due to national condition. Furthermore, I firmly believe Russian would take a leading role in the important sectors of the world.

**(Q)** Thank you for your expressions about Russia. I on my part have experiences of visiting Myanmar many times. Myanmar is very beautiful and pleasant country. I know more than 1 million foreign travellers visited Myanmar last year. Tell me please your rough plan how do you manage a large number of travellers from Russia to Myanmar and how do you serve Russian tourists to enjoy scenic beauties of Myanmar?

*See Page 15*

*From Page 14*

**(A)** All countries are interested in tourism industry. It can earn incomes. Some amounts of international tourists pay visits to Myanmar. But, due to political situation, we saw visits of international tourists do not reach the deserved amount. With regard to Russia, we have made many preparations for Russian travellers. For example, we arrange visa exemption for them and direct flights to Yangon, Mandalay and Nay Pyi Taw. Moreover, we repair airports for landing of passenger flights from Russia and manage tourism sector. A large number of destinations can be seen in Myanmar from the south to the north of the country. So, we have so different characters, cultures and natural beauties. They can enjoy them. And, we have one more advantage. It is because there are many Myanmar officers who had taken learning in Russia. Knowledge, trust over Russia and attachment are spread from them. As there are many persons who are influent in Russian language and culture, I believe it will contribute much to tourism promotion between Myanmar and Russia. On the other hand, we hold workshops on tourism promotion between Russian and Myanmar delegations. Currently, Myanmar Airways International runs tourism flights between Myanmar and Russian twice a week. If tourism industry booms between them, flights will be extended, I think.

**(Q)** Thank you for your comprehensive clarification. I have experiences of visiting Yangon, Mandalay, Nay Pyi Taw and other cities. In this regard, please, give me advice on proper tourist destinations for Russian travellers in Myanmar.

**(A)** I have said so. There are many diverse features from the south to the north of Myanmar. Coastal areas can be seen in the south of Myanmar. Significantly, Myanmar possesses many beaches such as Ngapali and some others in Ayeyawady Region. Furthermore, travellers can visit a large number of ancient cities and religious edifices concerning the cultural heritages in the central part of Myanmar. In the northern part, they can enjoy the taste high mountains and cold season depending on the geographical conditions. We have many different cultural and climatic conditions. For example, southern part of Myanmar receives many rainfalls, the central Myanmar is seen with hotness and northern part of the country is cold. Moreover, we have cultural heritage at some areas like Inlay Lake. It is a rare scene of the world due to rowing the boat by leg. If travellers observe it, they can. In addition, landmarks such as prominent pagodas are located in Yangon and Nay Pyi Taw. Last year, Maravijaya Buddha Image was built in Nay Pyi Taw. It is the world highest marble-carved Buddha image. Its weight was set a record worldwide. It is a good site for the visit of Russian travellers.

**(Q)** I have heard about the southern part of Myanmar. It was learnt that you are a native of Dawei. What is significant about the town? How beautiful is it?

**(A)** In the southern part, there are so many islands. There are many natural beauties of islands and things under the water. We can enjoy them. And then, there are beaches. Maungmakan beach is famous in Dawei. A future prospect is that a deep sea port can be built there. We are trying to build a sea port where ships of 200,000 tons and above can dock. We are holding talks with Russia. All these can be seen in the southern part of the country. First of all we have islands and beaches, where there are enterprises that produce pearls. The best pearls in the world are produced in our region. We hold pearl emporiums every year. I am not boasting that our pearls are the best. Pearls produced in Myanmar are actually the best pearls including natural ones and cultured ones. And then, we can see many resources under the water. As for them, I will give you a documentary.

**(Q)** As the Prime Minister is the head of state, you have to give a lot of time to perform duties for the country. However, I believe that everyone should have their leisure time. When we shook hands a moment ago, I could feel your strength. And I have seen your photographs in which you were wearing sports suits. So, I want to know how you spend your leisure time beneficially.

**(A)** It is true that I don't have much leisure time as I have to perform duties of the Commander-in-Chief of Defence Services as well as the Chairman of the State Administration Council. However, I have to take care of my health. I go walking every morning. If I have time, I play golf on Saturdays and Sundays. Then, I read books. I try to read about at least one or two new things within the limited period of time I have. I spend 10 or 15 minutes or half an hour reading books. Another thing is that I study what I should and take notes of them. I try to get knowledge. As for sports activities, I go walking and play golf. They can refresh me. I try to do them as much as I can every day. Another thing is that I always try to stay with my family to create warm relations.

**(Q)** After learning that you spend time creating warm family relations, I have another question for you. I have learnt that you are a good husband and a good father. Please explain briefly what lessons of life are important and what legacies you will hand down for your offspring.

**(A)** What is important for my offspring and family is that they have acquired knowledge and education and must be able to stand on their own feet. These are their individual characters. Another thing is related to mentality. In our Buddhism, one must refrain from committing sins and always do good deeds while keeping one's mind clean and pure. We talk about such things. Don't commit sins and do good deeds. Keep your mind clean and pure. I always teach my family and offspring such things. As government employees and Tatmadaw personnel, we often have to perform duties in other towns. We have to travel to the outside of the town where our families live. I didn't have much time to spend with my family. They had to try for their education. However, their mother nurtured them. Another thing is to work for a living honestly. I have instilled such a mind-set in them. Another thing is that they have acquired their knowledge from their experience. They have studied their new knowledge based on already acquired knowledge and experience. They sometimes learn from the experiences of others. Their experience and their parents' experience alone will not be enough for them. People they have to deal with also have experience. Such experiences have to be learnt through social contacts. I always teach them to learn from the experiences of others and apply it for achievements in their lives. I can see that they have maintained such a mentality.

**(Q)** As you just talked about Buddhism, I would like to ask a question related to Buddhism. As far as I know, the majority of people in Myanmar profess Buddhism. Similarly, it can be seen that Buddhism is flourishing in Myanmar. The famous Shwe Dagon Pagoda in Yangon is a holy site for Buddhists. I myself have made pilgrimages to the pagoda many times. Could you briefly explain your attitude and conviction about Buddhism?

**(A)** There are many religions in the world. In addition to Buddhism, there are Christianity, Islam and Hinduism, etc. According to these religions, the same content points are calm and peace, and I saw that they were only going towards peace. However, there is something special in the Dhamma taught by The Buddha. That is what is said about Dhamma. Dhamma means morality, integrity and knowledge. We don't see it in other religions. However, there is a small law called Dhamma in what the Buddha's teaching. One thing is that morality is body and mouth. We are told by The Buddha not to say harsh words from the mouth and not to show harsh gestures. The Buddha also told us to have a good mind, not to do anything bad, to have a good idea and keep a pure mind. The Buddha also taught us about knowledge. Knowledge is to know deeply. Those who know deeply are scholars. The educated people depend on the depth of knowledge, and then he becomes an expert. Therefore, these three things are among the unique teachings of The Buddha. So I think these teachings are something that any national should follow. That's why this special part of Buddhism is very valuable to us. We consider them the highest value among the teachings of The Buddha.

**(Q)** Thank you very much for explaining about Buddhism like this. Thank you for knowing things that I didn't know yet. The name of our interview program today is Formula of Power. For the past 25 years, we have conducted many interviews with leaders and key monks in all countries. More than 400 interviews were conducted. Today, we would like to ask a traditional question. What kind of interpretation of power as a prime minister? I want to know what the Prime Minister's opinion about the power is.

**(A)** Power means building a force to have a force. If you look at the ancient times, those who are less powerful have been building their strength so that they can dominate the other person. In doing so, from individuals to groups and from group to country, there are local people who have become like this. This is part of building strength. I also have a small opinion on strength. We say which strength is the strength. Is it political power? Is it economic power? Or if it is the defense strength? The strength and the force are the same. By political power, we mean the forces lie within. If the country is strong, it shows that the country is united and strong. Political strength. Because the political attitude of each country will not be the same, it will not be fully achieved, but domestically. The strength of the country has the same attitude, so there is a strong political strength. Another thing is the economy, if the economy is strong, they say it is rich. If it is rich, if the individual is also rich, he can use his power to get it. Money can be used. It depends on the region and country. I see that if a country is rich in money, it can use its strength. In the same way, if the defense force is strong, for example, an organization is strong on weapons, the other groups will not dare to touch it. This is the nature of such a group or nation. So if a country's defense force is strong, it has power in the region. You look at the world. If you look at the world, countries with financial wealth also have influence on countries with less financial power. In the same way, countries with strong military power can put pressure on other countries. Therefore, I think that these three are the factors that we have to consider in relation to these three kinds of strength. Therefore, if a country wants to be strong, if a person is strong, they must strengthen themselves. What is your strength? How to do it yourself and how to build it? It has to go like this way.

**(Russia)** Thank you very much for such a discussion. Thank you very much for your reply.

**(Prime Minister)** Well. It's ok.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်း ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း ဆက်ကပ်လောင်းလှူစဉ်။



အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ ဓေယျသိင်္ဂီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်တင်ညွန့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်မော်မော်ညွန့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်ငွေငွေယဉ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ ဓေယျသိင်္ဂီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီနှင့် မုံရွာမြို့ ဒေသဝတီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ဓမ္မသီတို့ထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ ဒေါက်တာမောင်မောင်ဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးမန်းစိန်နှင့် ဦးဝမ်ရှင်းရွှေတို့အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ ဦးအောင်ကိုဇော်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်စန်းစန်းဝေနှင့် ဒေါ်နုနုငယ်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်တင်ညွန့်၊ ဒေါ်မြဝင်းနှင့် ဒေါ်နီနီကျော်တို့အားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်မော်မော်ညွန့်၊ ဒေါ်ငွေငွေယဉ်နှင့် ဒေါ်ခိုင်ပြည့်စုံကြိုင်တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော် ၄၂၀ ပါး၊ သီလရှင်ဆရာကြီး ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၄၇ ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၀ ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၅ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၃ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၂ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီးဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဉယျာဉ်တော်ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media တွေ့ဆုံမှု

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီး ဇေယျာသီရိမာန် သံတမန်ခန်းမ၌ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media မှ ရုရှား-မြန်မာ နှစ်နိုင်ငံကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်-**



**မေး။ ။ လေးစားရပါသော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား၊ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုး ကျွန်တော်တို့ ITAR-TASS Media နဲ့ အင်တာဗျူးမေးဖို့အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပထမဆုံးပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရုရှား-မြန်မာ ဆက်ဆံရေးဟာဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သမိုင်းမှာ အထင်အရှားရှိခဲ့တဲ့ ဆက်ဆံရေးလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆိုရင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးဟာ (၇၅) နှစ်ပြည့်မြောက်ပြီးလည်းဖြစ်ပါတယ်။ ကျွန်တော် ဒီဆက်ဆံရေးနဲ့ပတ်သက်ပြီး ငယ်ဘဝတုန်းက သတိရတာလေးတစ်ချက်ကို အဆွေတော်ကို တင်ပြချင်ပါတယ်။ ကျွန်တော် ငယ်ဘဝတုန်းက ဆိုဗီယက်ပြည်ထောင်စုကို မြန်မာနိုင်ငံက ဝန်ကြီးချုပ်ဦးနု လာတဲ့အချိန် ကျွန်တော် ကလေးဘဝက ပထမဦးဆုံးမြင်ဖူးခဲ့တဲ့ အနေအထားမျိုးဖြစ်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဲဒီကတည်းက ကျွန်တော် မြန်မာနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားခဲ့ပါတယ်။ အခုဆိုရင် အဆွေတော်ဝန်ကြီးချုပ်နဲ့ ကျွန်တော် အင်တာဗျူးမေးမြန်းတဲ့အဆင့်ထိ ရောက်ရှိလာပြီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ပထမဆုံး မေးချင်တဲ့ မေးခွန်းကတော့ မြန်မာနဲ့ ရုရှား နှစ်နိုင်ငံကြားမှာ မည်သည့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေက အအောင်မြင်ဆုံးဖြစ်ပြီးတော့ မည်သည့်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသေးလဲဆိုတာကို သိချင်ပါတယ်။**

**ဖြေ။ ။** ရုရှားနဲ့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးကတော့ နှစ်ပေါင်းများစွာရှိခဲ့ပြီး သမိုင်း ဟိုးရှေးကတည်းက ရှိခဲ့ပါတယ်။ နောက်ကျရင် ဒါလေးကို အထောက်အထားလေးတစ်ခု ကျွန်တော်ပြပါမယ်။ သံတမန်ဆက်သွယ်မှုကတော့ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စခဲ့ပါတယ်။ အခုဆိုရင် (၇၆)နှစ်တာကာလ ကျော်လာခဲ့ပြီဖြစ်ပါတယ်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကတော့ တော်တော်လေး များပါတယ်။ လွတ်လပ်ရေးရတဲ့ခေတ်ကစပြီးတော့ ပြောမယ်ဆိုရင်တော့ နယ်ပယ်ပေါင်းစုံရှိခဲ့တာ ကျွန်တော်တွေ့တယ်။ သို့သော်လည်းပဲ ဒီဘက်နောက်ပိုင်းမှာတော့ ကာကွယ်ရေးပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေက ပိုများလာတာကို ကျွန်တော်တို့တွေ့တယ်။ ကာကွယ်ရေးဆိုတာ နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းကတော့ တပ်မတော်ပိုင်းဆိုင်ရာနဲ့ တစ်ဖက်ကတော့ နည်းပညာနဲ့ အတတ်ပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပေါ့။ မြန်မာနိုင်ငံ မြန်မာ့တပ်မတော် ခေတ်မီရေးအတွက် ရုရှားနိုင်ငံက ကူညီပံ့ပိုးပေးခဲ့သလိုပဲ မြန်မာ့တပ်မတော်က အရာရှိတွေ တော်တော်များများကို ရုရှားနိုင်ငံမှာ သိပ္ပံပညာ၊ နည်းပညာ၊ စစ်ဘက်အတတ်ပညာ ဒါတွေကို များစွာသင်ပေးခဲ့တာပေါ့။ ဒါနယ်ပယ်ကတော့ ဒါအကြီးမားဆုံးဟာပါပဲ။ ဒါပေမဲ့ ဒါတွေလားဆိုတော့ မဟုတ်သေးဘူး။ ကျန်တဲ့ဟာတွေလည်း အများကြီးရှိပါတယ်။ ဥပမာ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဘက်ဆိုင်ရာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ စသဖြင့် ဒါတွေရှိပါတယ်။ ယခုကျွန်တော်တို့နဲ့ ဆောင်ရွက်ဆဲကိစ္စထဲမှာဆိုလို့ရှိရင် Rosatom ရုရှားနိုင်ငံရဲ့ အဏုမြူစွမ်းအင်ကွန်ပိုစာအဖွဲ့နဲ့ လုပ်နေတာကတော့ အသေးစား အဏုမြူစွမ်းအင်ဓာတ်အားပေးစက်ရုံ လုပ်ငန်းတစ်ခုရှိပါတယ်။ နောက်တစ်ခုကတော့ စိုက်ပျိုးရေးကဏ္ဍမှာ ရုရှားနည်းပညာနဲ့ ဓာတ်မြေဩဇာ ထုတ်လုပ်ပြီးတော့မှ မြန်မာနိုင်ငံမှာ ဓာတ်မြေဩဇာ ထုတ်လုပ်မယ့်စက်ရုံ တည်ဆောက်ရေးလုပ်ငန်း ၊ အခုလက်ရှိ ဒီရုရှားနည်းပညာနဲ့ထုတ်ယူထားတဲ့ ဓာတ်မြေဩဇာကို အသုံးပြုတဲ့အခါမှာ တော်တော်အောင်မြင်တယ်လို့ ကျွန်တော်တို့ပြောပါတယ်။ ဒါလည်း တိုးချဲ့ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါ့အပြင် သတ္တုတူးဖော်ရေးလုပ်ငန်း၊ လေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ အခြားဆိုလာနဲ့ပတ်သက်တဲ့ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်း စသဖြင့် နယ်ပယ်များစွာရှိတယ်။ ဒါတွေ ကျွန်တော်တို့ ဆက်လက်လုပ်ဖို့လည်း အစီအစဉ်ရှိကြောင်း အဆွေတော်ကို ကျွန်တော်ပြောလိုပါတယ်။

**မေး။ ။ လေးစားရပါသော အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား၊ ဝန်ကြီးချုပ်အနေနဲ့ အစိုးရအဖွဲ့အကြီးအကဲအဖြစ်တာဝန်ယူပြီး သတ်မှတ်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာမှာ ပြီးမြောက်ပြီးဖြစ်သည့်လုပ်ငန်းစဉ်များနဲ့ မကြာမီဆောင်ရွက်မည့်လုပ်ငန်းများကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။ ။** ကျွန်တော်တို့ စပြီးတာဝန်ယူတဲ့ အချိန်တုန်းကတော့ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုလုပ်ခဲ့တဲ့အတွက်ကြောင့် ဒီအပေါ်မှာဖြေရှင်းဖို့ ဆောင်ရွက်နိုင်ပေမယ့်လည်း အဓမ္မနည်းနဲ့ အာဏာယူဖို့ကြိုးစားလာတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီးတော့မှ တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ စပြီးရှင်းရမယ့်ပြဿနာက မဲမသမာမှုကိစ္စကို စပြီးဖြေရှင်းရမယ့်ကိစ္စဖြစ်ပါတယ်။

အဲဒီတော့ မဲမသမာမှုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ စိစစ်တဲ့အခါကျတော့ UEC ကိုကျ အသစ်ပြန်လည်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီးတော့ UEC ကနေပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ပြန်လည်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီး စစ်စေတဲ့အခါမှာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတုန်းက အဲ့တုန်းက UEC ကနေ ကြေညာခဲ့တဲ့ မဲစာရင်းက ၃၈ သန်းကျော်ရှိပါတယ်။ မဲမသမာမှုကို ပြန်လည်စစ်ဆေးဖော်ထုတ်တဲ့အခါမှာ ၁၁ ဒသမ ၃ သန်းထိ မဲမသမာမှုလုပ်ခဲ့တာ တွေ့ရတယ်။ ဆိုလိုတာကတော့ ၃၀ ရာခိုင်နှုန်းနီးပါးလောက် မဲမသမာမှုလုပ်တယ်။ တော်တော်ကြီးမားတဲ့ မဲမသမာမှုလုပ်ငန်းဖြစ်ပါတယ်။ တစ်နေရာတည်းလား၊ နေရာအနည်းငယ်ပဲဖြစ်တာလားဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ရွေးကောက်ပွဲပြုလုပ်ခဲ့တဲ့ ၃၁၅ မြို့နယ်စလုံးမှာ ရာဂဏန်းကနေ သိန်းဂဏန်းအထိ မဲလွဲမှားမှုတွေဖြစ်ပါတယ်။ နိုင်ငံရေးအရ ရိုးရိုးသားသားပြောတာပါ။ မဲမသမာမှုလုပ်ခဲ့တယ်လို့ပဲ ကျွန်တော်တို့ပြောပါတယ်။ ဒါက တော်တော် အကျည်းတန် အရုပ်ဆိုးခဲ့တဲ့ကိစ္စ၊ ဒါကိုဖော်ထုတ်ပြီး တွေ့ရှိတဲ့အခါမှာ တာဝန်ရှိတဲ့သူအားလုံးကို ကျွန်တော်အရေးယူခဲ့တာ ပထမဦးဆုံးစလုပ်ခဲ့ပါတယ်။

အဲဒီတော့ အဆွေတော်လည်းသိပြီးတဲ့အတိုင်းပဲ ပြီးခဲ့တဲ့ အဲ့ကာလတုန်းက ကျွန်တော်တို့က ကိုဗစ်-၁၉ ဖြစ်လာတဲ့ ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံလည်း Second Wave ဖြစ်နေတဲ့အချိန်ဖြစ်ပါတယ်။ တော်တော်လေး ပြင်းပြင်းထန်ထန်ဖြစ်ခဲ့ပြီး လူပေါင်း ၆ သိန်းကျော်လောက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါ ကူးစက်မှုခံခဲ့ရပါတယ်။ တော်တော်များများလည်း သေခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ ကိုဗစ်ရောဂါကာကွယ်ရေးအတွက် ဒါသေချာ ကျွန်တော်ဦးဆောင်ပြီး ဒီဟာကိုလုပ်ခဲ့တာဖြစ်ပါတယ်။ တိုက်ခဲ့တာဖြစ်ပါတယ်။ အဲ့အချိန်မှာလည်း အခက်အခဲတွေ အများကြီးကြုံခဲ့ပါတယ်။ တစ်အချက်ကတော့ ကုသဆေးပေါ့၊ ကာကွယ်ဆေးတွေ ကျွန်တော်တို့မှာ မရှိဘူး၊ အောက်ဆီဂျင်တွေမရှိဘူး၊ ဒါကိုလည်း အိမ်နီးနားချင်း မိတ်ဆွေနိုင်ငံတွေက ကူညီပေးတာ၊ အဆွေတော်တို့ ရုရှားနိုင်ငံ အပါအဝင် မိတ်ဆွေနိုင်ငံတွေကနေပြီးတော့ ကာကွယ်ဆေးတွေ ကျွန်တော်တို့ကို ကူညီပေးတာတွေရှိပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေ အသက်ပေါင်းများစွာ ကူညီပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့ ကိုဗစ်ရောဂါ တိုက်ဖျက်ရေးလည်း Third Wave ထိဖြစ်ခဲ့ပေမယ့်လည်း ကျွန်တော်လျင်မြန်စွာ ထိန်းချုပ်နိုင်တဲ့အတွက်ကြောင့် ဒီဟာကိုလည်း ကျွန်တော် ကျော်လွှားနိုင်ပြီလို့ ပြောလို့ရပါတယ်။ ဒါဒုတိယဆောင်ရွက်ခဲ့တဲ့အချက်ဖြစ်ပါတယ်။

တတိယအချက်ပေါ့ အဲ့ဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီကိုဗစ်ရောဂါ ဖြစ်တာနဲ့အတူတူပဲ၊ တစ်ကမ္ဘာလုံးမှာဖြစ်တဲ့ဟာတစ်ခုကတော့ စီးပွားရေးကျဆင်းမှုပဲဖြစ်ပါတယ်၊ မြန်မာနိုင်ငံလည်း စီးပွားရေးကျဆင်းမှုဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကိုဗစ်ရောဂါကြောင့်ဖြစ်တာပဲ မဟုတ်ဘဲနဲ့ ၂၀၁၈ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံရဲ့ စီးပွားရေးစီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ကျဆင်းခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ စီးပွားရေးပြန်လည် နာလန်ထူမှုဖြစ်အောင် အားသွန်ခွန်စိုက်ကြိုးစားခဲ့တဲ့အတွက် ကျွန်တော်တို့ စီးပွားရေးနာလန်ထူတာလည်းရှိပါတယ်။ ဒီအတွက်လည်း တော်တော်လေး ကျွန်တော်တို့ ရုန်းကန်ခဲ့ရတာရှိပါတယ်။ ၂၀၂၁-၂၂-၂၃ လောက်လျှောက်ကို စီးပွားရေးပြန်လည်ဦးမော့လာတဲ့အခြေအနေတော့ ကျွန်တော်တို့ရရှိခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းရေးမှာလည်း ၂ ခုရှိတာပေါ့၊ တစ်ခုကတော့ ဒီအရေးပေါ်ကာလဖြစ်ပြီးတဲ့အချိန်မှာလည်း သဘောထားကွဲလွဲတဲ့သူတွေကတော့ ဆူပူမှုတွေ၊ ဆန္ဒပြမှုတွေဖြစ်ခဲ့တာ တစ်ပိုင်းရှိပါတယ်။ **စာမျက်နှာ ၂၀ သို့**



**စာမျက်နှာ ၁၉ မှအဆက်**

ဒါကိုလည်း ကျွန်တော်တို့ပြန်ပြီးတော့ တည်ငြိမ်အောင်ကြိုးစားရတာပေါ့။ နောက်တစ်ခုကတော့ ၁၉၄၈ ခု လွတ်လပ်ရေးရကတည်းက ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေနဲ့ စခဲ့တာဖြစ်ပါတယ်။ အခုချိန်အထိ ကျွန်တော်တို့ ဖြစ်နေတုန်းပါ။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးပျက်ယွင်းမှု အခြေအနေတစ်ခုကို ကျွန်တော်တို့ ပြန်ပြီးတော့ လုပ်ရတာရှိတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်က ကျွန်တော်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ သဘောတူညီချက်တစ်ခု ကျွန်တော်တို့ရခဲ့ပါတယ်။ အဲ့ဒါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပါတယ်။ ဒါကို လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ ဒီပေါ်မှာ ကျွန်တော်တို့ ရအောင်ထိန်းသိမ်းခဲ့တာဆောင်ရွက်ခဲ့တာရှိပါတယ်။ အခုထိ ကျွန်တော်တို့ ဒါကိုပဲထိန်းသိမ်းပြီး ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနည်းပါးခြင်းဟာ ဒီတည်ငြိမ်အေးချမ်းမှုမရှိတဲ့အတွက်ကြောင့် ဖြစ်တယ်ဆိုတာတော့ အရင်းခံအကြောင်းရင်းဖြစ်ပါတယ်။ ဒါ့ကြောင့်တည်ငြိမ်မှုရအောင်လည်း ကျွန်တော်ကြိုးစားဆောင်ရွက်ခဲ့ရတာရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတက်လာခြင်းဟာ ကျွန်တော်တို့ မဲမသမာမှုကြောင့်ဖြစ်လာတဲ့ အကျိုးဆက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီရွေးကောက်ပွဲပေါ့လေ။ ရွေးကောက်ပွဲ မဲမသမာမှုကနေဖြစ်လာတဲ့ အကျိုးဆက်တစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲတစ်ခု ပြန်လည်ကျင်းပရေးကတော့ ကျွန်တော်တို့ရဲ့ နောက်ဆုံးရည်မှန်းချက်ဖြစ်ပါတယ်။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေပြီးသွားပြီဆိုတာနဲ့ ရွေးကောက်ပွဲ ကျွန်တော်တို့ ပြန်လုပ်မှာဖြစ်ပါတယ်။ အဲတော့ ကျွန်တော်တို့က ဒီအရေးပေါ်ကာလတွေ ပြီးလို့ရှိရင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကျွန်တော်တို့က အာဏာပြန်လွှဲမယ်။ ပြန်လွှဲပြီးတော့ အဲဒီရဲ့ဦးဆောင်မှုနဲ့ (၆)လအတွင်းမှာ ကျွန်တော်တို့ ရွေးကောက်ပွဲ ပြန်လုပ်ရမှာဖြစ်ပါတယ်။ အဲတော့ ဒီရွေးကောက်ပွဲလုပ်နိုင်ဖို့ဆိုရင် မဲစာရင်းတွေမှားယွင်းမှုကြောင့် ဖြစ်လာတဲ့အတွက်ကြောင့် မဲစာရင်း မှန်ကန်ရေးကိုလည်း ကျွန်တော်တို့က အဓိကထားလုပ်ရမှာ၊ မဲစာရင်းမှန်ကန်ရေးကလည်း ဒီနှစ်ထဲမှာအတတ်နိုင်ဆုံး ကျွန်တော်တို့လုပ်ပါမယ်။ ပြည့်စုံပြီးလို့ရှိရင် တိုင်းပြည်တည်ငြိမ်မှု ကောင်းပြီဆိုတာနဲ့ လုပ်နိုင်တဲ့ အပိုင်းလိုက်ပေါ့ တစ်ပြိုင်နက်တည်း မဟုတ်တောင်မှ လုပ်နိုင်တဲ့အပိုင်းလိုက်ကို ဥပဒေနှင့်အညီ ကျွန်တော်တို့ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားဖို့ ရှိပါတယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။

**မေး ။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံကို အကြိမ်ပေါင်း မြောက်မြားစွာ ရောက်ရှိခဲ့တယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ရောက်ရှိတဲ့အချိန်မှာလည်း အဆွေတော်အနေနဲ့ ရုရှားနိုင်ငံရဲ့ အထင်ကရနေရာတွေကိုလည်း သွားရောက်လေ့လာခဲ့တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ အဆွေတော်အနေနဲ့ ရုရှားနိုင်ငံအပေါ်မှာ ဘယ်လိုမျိုးမြင်ပါသလဲ။ ရုရှားနိုင်ငံနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်လေး ပြောပြပေးစေလိုပါတယ်။**

**ဖြေ ။** ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံကတော့ အလှမ်းတော့ဝေးပေမယ့်လည်း စိတ်ချင်းနီးတဲ့ နိုင်ငံတွေတစ်ခုဖြစ်တာပေါ့။ နောက်ခံအကြောင်းအရာတွေလည်း တူခဲ့တဲ့ နိုင်ငံတွေ ဖြစ်တယ်။ ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး ပြောရလို့ရှိရင်တော့ အရင်ဆိုဗီယက်ပေါ့၊ ဆိုဗီယက်ခေတ်တုန်းကလည်း ရုရှားက ကမ္ဘာ့ဦးဆောင်နိုင်ငံ တစ်ခုအနေနဲ့ ကမ္ဘာမှာ ကမ္ဘာရဲ့အင်အား Balance ဖြစ်အောင် ထိန်းနိုင်ခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်တယ်၊ နောက်တစ်ခါ နောက်ပိုင်းမှာတော့ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲသွားပြီးတော့မှ ရုရှားနိုင်ငံက တော်တော်ရုန်းကန်ခဲ့ရတာရှိပါတယ်။ အဲဒီမှာတော့ ရုရှားပြည်သူတွေရဲ့စိတ်ဓာတ်ပေါ့၊ နောက် အစိုးရရဲ့ဦးဆောင်မှုပေါ့၊ တပ်မတော်ရဲ့ ပူးပေါင်းဆောင်ရွက်မှုပေါ့၊ ဒါတွေနဲ့ ရုရှားနိုင်ငံ လက်ရှိအခြေအနေမှာလည်း ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခု အဖြစ်ရှိနေတာဖြစ်ပါတယ်။ နောက် ကမ္ဘာ့ရဲ့ ဟန်ချက်တစ်ခုကို ထိန်းထားနိုင်တဲ့ နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်တော့ ယုံကြည်ပါတယ်၊ ကျွန်တော်မြင်ရတဲ့ မြင်ကွင်းတွေ ကြည့်ရလို့ရှိရင် ရုရှားနိုင်ငံက တိုးတက်မှုရှိတဲ့နိုင်ငံတစ်ခုပါ။ ရုရှားနိုင်ငံ ထူးခြားချက်က မြောက်ပိုင်းမှာရှိပြီးတော့ ရာသီဥတုအေးမြတဲ့ ဒေသတွေမှာရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်တယ်။ နောက် ကမ္ဘာ့အရှေ့နဲ့ အနောက်နဲ့ တည်ရှိနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံဟာ ကမ္ဘာမှာ ဒီသဘာဝအနေအထားအရလည်း အရေးပါတဲ့ နိုင်ငံတစ်ခုဖြစ်တယ်လို့ ကျွန်တော်တော့ရှုမြင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ရုရှားနိုင်ငံဟာကမ္ဘာရဲ့ အရေးပါတဲ့ ကဏ္ဍတွေမှာလည်း ရှိနေလိမ့်ဦးမယ်ဆိုတာ ကျွန်တော့်အနေနဲ့ အပြည့်အဝယုံကြည်ပါတယ်။

**မေး ။ အခုလိုမျိုး ရုရှားနိုင်ငံနဲ့ပတ်သက်ပြီးတော့ ပြောပြလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း မြန်မာနိုင်ငံကို အကြိမ်ပေါင်းမြောက်မြားစွာ ရောက်ဖူးပါတယ်။ မြန်မာနိုင်ငံကလည်း အရမ်းကို သာယာလှပတဲ့နိုင်ငံတစ်ခု ဖြစ်တဲ့အပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားတွေက ပြီးခဲ့တဲ့နှစ်ကဆိုရင် ၁ သန်းကျော် ဝင်ရောက်တယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ မြန်မာနိုင်ငံကို အထူးသဖြင့် ရုရှားနိုင်ငံကခရီးသွားတွေ အများဆုံးလာရောက်ဖို့အတွက်နဲ့ ပြီးလို့ရှိရင် ရုရှားနိုင်ငံသားခရီးသွားတွေ မြန်မာနိုင်ငံရဲ့ အလှအပတွေနဲ့ သဘာဝအလှတရားတွေကို ထိတွေ့ခံစားနိုင်ဖို့အတွက် ဘာတွေလုပ်သင့်လဲ၊ ဘယ်လိုအစီအမံတွေ လုပ်သင့်တယ်လို့ထင်ပါသလဲ။ ဒါကိုအကြမ်းဖျင်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ ။** ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကတော့ နိုင်ငံတကာက နိုင်ငံတိုင်း၊ နိုင်ငံတိုင်း စိတ်ဝင်စားတဲ့လုပ်ငန်းရပ်ဖြစ်ပါတယ်။ သူကလည်း အဓိကဝင်ငွေရတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ထိုက်သင့်တဲ့ ကမ္ဘာလှည့်ခရီးသွားတွေ လာကြပါတယ်၊ သို့သော်လည်းပဲ တိုင်းပြည်ရဲ့ အခြေအနေအရပေါ့လေ နိုင်ငံရေးအခြေအနေလည်း ပါ ပါတယ်။ နိုင်ငံရေးအခြေအနေ လုပ်တဲ့အခါမှာ လာသင့်လာထိုက်တဲ့ ပမာဏအထိ မရခဲ့တာကို ကျွန်တော်တို့ တွေ့ပါတယ်၊ ရုရှားနိုင်ငံနဲ့ ပတ်သက်ရင်လည်း ရုရှားခရီးသွားတွေ လာနိုင်ဖို့အတွက်ဒီဘက်မှာလည်း ကျွန်တော်တို့ ပြင်ဆင်မှုတွေ အများကြီးလုပ်ထားတာတွေရှိတယ်။ ဥပမာအားဖြင့် ဗီဇာ ကင်းလွတ်ခွင့်တွေပေးထားတာ ကျွန်တော်တို့ရှိတယ်။ နောက် လေယာဉ်တွေ တိုက်ရိုက်စီးနိုင်အောင် ရန်ကုန်-မန္တလေး-နေပြည်တော် တင်မကဘူး တခြားနေရာတွေမှာ ရုရှားကလာတဲ့ ခရီးသွားလေယာဉ်တွေ တိုက်ရိုက်ဆင်းလို့ရအောင် လေယာဉ်ကွင်းတွေပြင်ဆင်တာတို့၊ ခရီးသွားလုပ်ငန်းတွေ၊ လမ်းတွေ ပြင်ဆင်ပေးတာတို့လည်း ကျွန်တော်လုပ်ထားတာရှိပါတယ်။ မြန်မာနိုင်ငံမှာ လေ့လာစရာနေရာတွေတော့ အများကြီး ရှိပါတယ်၊ မြန်မာနိုင်ငံတောင်ပိုင်းကနေ မြောက်ပိုင်းအထိ လေ့လာစရာနေရာတွေ အများကြီးရှိပါတယ်။ အဲတော့ ပြောရမယ်ဆိုလို့ရှိရင်တော့ မတူညီတဲ့ အသွင်အပြင်လက္ခဏာတွေ၊ ယဉ်ကျေးမှုတွေ၊ သဘာဝအလှတရားတွေပေါ့၊ ဒါတွေ ကျွန်တော်တို့ အများကြီးရှိပါတယ်။ ဒါတွေကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ အားသာချက်တစ်ခုက ဘာလဲဆိုတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ရုရှားနိုင်ငံမှာ သွားရောက်ပညာသင်ခဲ့တဲ့ မြန်မာ ကျွန်တော်တို့အရာရှိတွေ အများကြီးရှိပါတယ်။ သူတို့ကနေ ပြန့်ပွားလာတဲ့အသိတွေ၊ အသိတွေက ရုရှားနိုင်ငံပေါ်မှာယုံကြည်မှု၊ ခင်တွယ်မှုပေါ့၊ ဒါတွေလည်း အများကြီးရှိတာပေါ့၊ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး နားလည်တဲ့သူတွေတော်တော်များများရှိတဲ့အတွက်ကြောင့် ဒါတွေကမြန်မာနိုင်ငံနဲ့ ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးမှာလည်း များစွာအထောက်အကူပြုမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်၊ တစ်ဖက်ကလည်း ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်လည်း ရုရှားခရီးသွားအဖွဲ့နဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေလည်း ကျွန်တော်တို့ လုပ်နေသလို မြန်မာနိုင်ငံကနေပြီးတော့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI ကနေ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံကို တစ်ပတ်ကိုနှစ်ကြိမ် ကျွန်တော်တို့ ခရီးသွားလုပ်ငန်း လေယာဉ်ခရီးစဉ်ဆွဲနေတာ ရှိပါတယ်။ ခရီးသွားလုပ်ငန်းတွေများလာတာနဲ့အမျှ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြီးဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

**မေး ။ ပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ ရန်ကုန်-မန္တလေး-နေပြည်တော်နဲ့ တခြားနေရာတွေက မြို့တွေ ရောက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို မေးချင်တာက ရုရှားနိုင်ငံက နိုင်ငံခြားခရီးသွားတွေအတွက် မြန်မာနိုင်ငံရဲ့ ဘယ်နေရာတွေကို သွားရောက်လည်ပတ်သင့်တယ်ဆိုတာကို အကြံပြုပေးစေလိုပါတယ်။**

**ဖြေ ။** ကျွန်တော်အခုနပြောတာပေါ့နော်၊ မြန်မာနိုင်ငံရဲ့ တောင်ဘက်ကနေပြီးတော့ မြောက်ဘက်အထိ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် မတူညီတဲ့ဒေသတွေ၊ အသွင်အပြင်လက္ခဏာတွေ အများကြီးရှိတယ်။ တောင်ဘက်ဆိုရင်ပင်လယ်ကမ်းရိုးတန်း ဒေသတွေများစွာရှိတယ်။ အဲဒီမှာ ထင်ရှားတာကတော့ ငပလီတို့ ဧရာဝတီတိုင်းမှာလည်းရှိတယ်ပေါ့နော်၊ ပင်လယ်ကမ်းခြေတွေရှိပါတယ်၊ နောက်တစ်ခုကတော့ မြန်မာပြည်ဟာ အလယ်ပိုင်းသွားလို့ရှိရင်တော့ ယဉ်ကျေးမှုနှင့်ပတ်သက်တဲ့ ရှေးဟောင်းမြို့တော်တွေ စေတီပုထိုးတွေလည်းများစွာရှိတယ်။ မြောက်ပိုင်းတက် သွားရင်တော့ မြင့်မားတဲ့တောင်တန်းကြီးတွေ၊ အေးမြတဲ့ ရာသီဥတုတွေနဲ့ ကျွန်တော်တို့ တွေ့ရတာတွေရှိတယ်၊ ဒါကတော့ မြေအနေအထားအရတွေ့ရတဲ့ အနေအထားမျိုးပေါ့။ ယဉ်ကျေးမှုနဲ့ပတ်သက်တာတွေ။ ကျွန်တော်တို့ ရာသီဥတုနဲ့ ပတ်သက်တာတွေ။ ကွဲပြားခြားနားမှုတွေ များစွာရှိတယ်။ ကျွန်တော်တို့တွေလည်းရှိတယ်။ ဥပမာအားဖြင့် တောင်ပိုင်းမှာဆိုရင် မိုးများတာပေါ့၊ အလယ်ပိုင်းဆို နေတော်တော်လေးပူတယ်၊ မြောက်ပိုင်းဆိုရင်တော့ အေးမြရာသီဥတု ရှိတယ်။ နောက်တစ်ခါ အဲဒီဒေသတွေမှာပဲ ဥပမာအားဖြင့် အင်းလေးကန်လို ဟာမျိုး ယဉ်ကျေးမှုအမွေအနှစ်တွေ ကျွန်တော်တို့ရှိတယ်။ ကမ္ဘာမှာရှားပါးတဲ့ဟာ အဲဒီနေရာမှာဆိုလို့ရှိရင် ကျွန်တော်တို့ကခြေထောက်နဲ့ လှေကိုလှော်တဲ့ဟာပေါ့၊ ကမ္ဘာမှာတစ်နေရာပဲရှိတယ် အင်းလေးကန်မှာ။ ကျွန်တော်တို့ဆီ ရှိတယ်။ ဒါပေမဲ့ လေ့လာမယ်ဆိုရင် ကြည့်လို့ရတာတွေ ကျွန်တော်တို့ရှိပါတယ်၊ စောစောကပြောတဲ့ အဆွေတော်ပြောတဲ့ ရန်ကုန်တို့၊ နေပြည်တော်တို့ ဒီမှာလည်း အထင်ကရ ထင်ရှားတဲ့ ဘုရားကြီးတွေရှိသလို အခုနေပြည်တော်မှာ နောက်ဆုံးတည်ခဲ့တဲ့ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးရှိတယ်၊ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ကျောက်ဆစ်ရုပ်ပွားတော်ကြီး ဖြစ်ပါတယ်၊ အလေးချိန် အကြီးမားဆုံး စံချိန်ချိုးထားတဲ့ဟာပေါ့။ ဒါတွေက ရုရှားနိုင်ငံက ခရီးသွား လာချင်တဲ့ဧည့်သည်များလာပြီး ကြည့်ရှုမယ်ဆိုရင်လည်း လေ့လာဖွယ်ရာ ကောင်းတဲ့နေရာတစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး ။ မြန်မာနိုင်ငံတောင်ပိုင်းနဲ့ပတ်သက်လို့ ပြောသွားတာ ကျွန်တော်ကြားသိရပါတယ်၊ အဲဒီနေရာမှာ အဆွေတော်ရဲ့မွေးရပ်မြေ ထားဝယ်မြို့ရှိတယ်လို့ သိရှိရပါတယ်၊ ထားဝယ်မြို့အနေနဲ့ ဘယ်လိုမျိုး ထူးခြားမှုမျိုးရှိပါသလဲ၊ ဘယ်လိုလှပမှုမျိုးရှိပါသလဲ။**

**ဖြေ ။** တောင်ပိုင်းဒေသမှာပေါ့ တောင်ပိုင်းဒေသမှာတော့ ကျွန်းတွေအများကြီးရှိတယ်။ ကျွန်းတွေရဲ့ သဘာဝအလှတွေ၊ ရေအောက်သဘာဝအလှတွေ ကျွန်တော်တို့ အများကြီးရှိပါတယ်။အဲဒါတွေ ကြည့်မယ်ဆို ကျွန်တော်တို့ ကြည့်လို့ရပါတယ်။ နောက် ပင်လယ်ကမ်းခြေပေါ့။ ထားဝယ်ဒေသမှာဆို မောင်းမကန်ပင်လယ်ကမ်းခြေက နာမည်ကြီးပါတယ်။ **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

နောက်တစ်ခါ အနာဂတ်အတွက် အမြော်အမြင်ရှိတာကတော့ ဘာလဲဆိုတော့ Deep Sea Port ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခု လုပ်လို့ရတဲ့အနေအထားရှိတယ်။ အဲဒါကတော့ တန်ချိန် ၂ သိန်းနှင့်အထက် သင်္ဘောတွေရပ်နိုင်တဲ့ ဆိပ်ကမ်းတစ်ခု ကျွန်တော်တို့ လုပ်နေတာရှိပါတယ်။အဲဒါလည်း ရုရှားနိုင်ငံနဲ့ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ တောင်ပိုင်းဒေသမှာတွေ့ရတာ။ တစ်အချက်ကတော့ ကျွန်တော်တို့ ကျွန်းတွေရှိတယ်။ နောက်တစ်ခါ ပင်လယ်ကမ်းခြေရှိတယ်။ နောက်-အဲမှာလည်း ပုလဲထုတ်လုပ်မှု လုပ်ငန်းတွေရှိတယ်။ ကမ္ဘာမှာအကောင်းဆုံးဆိုတဲ့ ပုလဲတွေ အဲဒီဒေသမှာ ကျွန်တော်တို့ဆီကထွက်တယ်။ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်းလည်း ကျွန်တော်တို့ ဒီပုလဲရောင်းချပွဲတွေ ကျွန်တော်တို့လုပ်ပါတယ်။ ကမ္ဘာမှာ အကောင်းဆုံး ကျွန်တော် ပြောလို့ပြောတာမဟုတ်ဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံကထွက်တဲ့ပုလဲကတော့ ကမ္ဘာမှာ အကောင်းဆုံးအဆင့်ရှိတဲ့ ပုလဲတွေ၊ သဘာဝပုလဲပေါ့၊ မွေးပုလဲတွေကျွန်တော်တို့ဆီမှာရှိပါတယ်။ နောက်တစ်ခါ ရေအောက်သယံဇာတလုပ်ငန်းတွေအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကြည့်စရာတွေ အများကြီးရှိတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ခင်ဗျားကိုလည်း ကျွန်တော် Documentary တစ်ခု ပေးလိုက်ပါမယ်။

**မေး ။ အခုလိုမျိုး အဆွေတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် အချိန်တွေ အများကြီးပေးပြီးတော့ နိုင်ငံရဲ့တာဝန်တွေကို ထမ်းဆောင်နေရတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း လူတိုင်းမှာတော့ အားလပ်ချိန်ဆိုတာ ရှိရမယ်လို့ ယုံကြည်ပါတယ်။ ခုနကကျွန်တော်တို့ဝင်ရောက်တွေ့ဆုံနှုတ်ဆက်စဉ် ကျွန်တော့်ကိုလက်ဆွဲတဲ့အချိန်မှာ အဆွေတော်ရဲ့အင်အားသန်မာမှုကို ကျွန်တော် ခံစားမိပါတယ်။ နောက်ပြီးတော့ အဆွေတော်ရဲ့ အားကစားဝတ်စုံနဲ့ ဓာတ်ပုံတွေလည်း ကျွန်တော် မြင်ဖူးပါတယ်။ ဒါကြောင့် ကျွန်တော်သိချင်တာက အဆွေတော်အနေနဲ့ အားလပ်ချိန်တွေမှာ ဘယ်လိုမျိုး အကျိုးရှိအောင် အသုံးချလဲဆိုတာပြောပြပေးစေလိုပါတယ်။**

**ဖြေ ။** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရော တာဝန်ယူထားတဲ့အတွက်ကြောင့် အားလပ်ချိန်တော့ ကျွန်တော်နည်းတာတော့အမှန်ပါပဲ။ သို့သော်လည်းပဲ ကျွန်တော်ကျန်းမာရေးတော့ ဂရုစိုက်ရတာပေါ့။ နေ့စဉ်နဲ့ဆိုရင်တော့ မနက်ပိုင်း လမ်းလျှောက်တာ ကျွန်တော်လုပ်ပါတယ်။ အချိန်ပေးနိုင်တယ်ဆိုရင် ကျွန်တော်စနေ၊ တနင်္ဂနွေဆိုရင် ဂေါက်ရိုက်တယ်။ ဂေါက်လည်းကစားပါတယ်။ နောက်တစ်ခါ ကျွန်တော်စာဖတ်တာပေါ့။ စာဖတ်တယ်၊ ရတဲ့အချိန်လေးမှာ အကြောင်းအရာတစ်ခုရရ၊ နှစ်ခုရရ ကျွန်တော်ကြိုးစားပြီးတော့ ဖတ်ပါတယ်။၁၀ မိနစ်၊ ၁၅ မိနစ်၊ နာရီဝက် စသည်ဖြင့် ဒီလိုအချိန်လေးတွေယူပါတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ ကြည့်သင့်ကြည့်ထိုက်တဲ့ လေ့လာသင့်တဲ့ဟာတွေ ကျွန်တော်ကြည့်ပြီး မှတ်ချက်တွေ မှတ်တာပေါ့။ အဲဒါတွေနဲ့ ကျွန်တော့်ရဲ့ အသိပညာရအောင်လည်း ကြိုးစားတာတွေရှိပါတယ်။ ခုနက အားကစားမှာ လမ်းလျှောက်တာတို့၊ ဂေါက်ရိုက်တာတို့ ကျွန်တော်လုပ်ပါတယ်။ စိတ်ရဲ့လန်းဆန်းမှု ကျွန်တော်တို့ ဖြစ်တာပေါ့။ နေ့စဉ်နဲ့အမျှတော့ ကျွန်တော်တတ်နိုင်သလောက် ကြိုးစားလုပ်ပါတယ်။ နောက်တစ်ခုကတော့ ရတဲ့အချိန်လေးမှာ မိသားစုနဲ့ ရအောင် တွေ့ဆုံပြီးတော့မှ နွေးထွေးတဲ့ဆက်ဆံမှု ရအောင် အမြဲတမ်းကြိုးစားတယ်။

**မေး ။ အဆွေတော်အနေနဲ့ မိသားစုနဲ့ နွေးနွေးထွေးထွေး အချိန်ပေးဆက်ဆံတယ်ဆိုတဲ့အကြောင်းကိုသိရပြီးတဲ့နောက်မှာ ကျွန်တော်တို့ နောက်ထပ်မေးခွန်းကတော့ အဆွေတော်ဟာ ခင်ပွန်းကောင်းတစ်ယောက်လည်းဖြစ်သလို ဖခင်ကောင်းတစ်ယောက်လည်းဖြစ်တယ်လို့ သိရှိရပါတယ်။ မိမိရဲ့သားသမီးကို အဆွေတော်အနေနဲ့ ဘဝမှာ ဘယ်လိုသင်ခန်းစာတွေက အရေးကြီးလဲ၊ ဘယ်ဟာမျိုးတွေကို လက်ဆင့်ကမ်းအမွေပေးမလဲဆိုတာလေးကို အကျဉ်းရုံး ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ ။** အရေးကြီးတာကတော့ ကလေးတွေ၊ မိသားစုတွေကိုပေါ့၊ သားသမီးတွေကတော့ အတတ်ပညာ၊ အသိပညာ၊ အတတ်ပညာရှိပြီးတော့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်တဲ့လူတွေဖြစ်ဖို့လိုတယ်။ ဒါ သူ့ရဲ့တစ်ဦးချင်းရဲ့ ကာရိုက်တာပေါ့။ နောက်တစ်ခုကတော့ စိတ်နေစိတ်ထားတွေပေါ့၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်။ မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားပေါ့ - ဒါလေး ကျွန်တော်တို့ ပြောကြတာပေါ့။ မကောင်းတဲ့ဟာတွေမလုပ်နဲ့ ကောင်းတဲ့ဟာတွေလုပ်ပေါ့၊ စိတ်ကိုသန့်သန့်ရှင်းရှင်းထားပေါ့။ ဒါတွေ မိသားစုမှာအမြဲတမ်းရှိအောင် ကျွန်တော့်သားသမီးတွေကို ဒါတွေအမြဲတမ်းဆုံးမပေးတာလည်းရှိပါတယ်။ သူတို့ကတော့ ကျွန်တော်က နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက်ကြောင့်၊ တပ်မတော်သားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က နယ်တွေသွားနေရတာတွေရှိတာပေါ့၊ အပြင်သွားနေရတာရှိတာပေါ့။ မိသားစုနဲ့ အနီးကပ်နေဖို့ဆိုတာ အချိန်ကတော့ သိပ်တော့မရှိခဲ့ဘူး။ သူတို့ကတော့ ကိုယ့်ပညာကိုယ်ကြိုးစား၊ သို့သော် အမေက ထိန်းပေးထားတာရှိတယ်။ နောက်တစ်ခုကတော့ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ခြင်းပေါ့၊ ဒီစိတ်ဓာတ်ကို ကျွန်တော်က လုပ်ထားတယ်။ နောက်တစ်ခုကတော့ သူတို့ရဲ့အသိပညာဆိုတာလည်း အတွေ့အကြုံကနေရတာ၊ အသိပညာ အတွေ့အကြုံကနေပြီး အသိပညာပိုရှိအောင်လုပ်ကြတာပေါ့။ သူများအတွေ့အကြုံကို ရအောင်ယူရတာလည်းရှိတာပေါ့၊ ကိုယ့်အတွေ့အကြုံတင်မဟုတ်ဘဲ မိဘအတွေ့အကြုံနဲ့ မရသေးဘူး။ မိဘပြောတဲ့အတွေ့အကြုံနဲ့မရဘူး၊ သူတို့ကနေ သူတို့ဆက်ဆံရတဲ့လူတွေကနေပြီးတော့ အတွေ့အကြုံတွေရှိတယ်။ ဒါတွေကိုထိတွေ့ဆက်ဆံခြင်းအားဖြင့်၊ လေ့လာခြင်းအားဖြင့်ရတဲ့ အတွေ့အကြုံ သူတို့ရဲ့ဘဝ တိုးတက်ဖို့အတွက် အသုံးချနိုင်ဖို့အတွက် ဒါအမြဲတမ်း သူတို့ကိုလည်း ကျွန်တော်ပြောတာပေါ့။သူတို့ ဒါတွေနဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိတာကိုလည်း ကျွန်တော်တွေ့ပါတယ်။

**မေး ။ ခုနက အဆွေတော်ပြောသွားတဲ့ ဒီဗုဒ္ဓနဲ့ပတ်သက်တဲ့အကြောင်းကို ပြောသွားတဲ့အတွက် ကျွန်တော် ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးချင်ပါတယ်။ ကျွန်တော်သိသလောက်တော့ မြန်မာနိုင်ငံမှာနေထိုင်တဲ့ လူအများစုက ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရဲ့ သာသနာတော်ဟာ စည်ပင်ထွန်းကားနေတာကို တွေ့ရှိရပါတယ်။ အခု ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ အထင်ကရဖြစ်တဲ့ ရွှေတိဂုံစေတီတော်ကြီးဟာ ဗုဒ္ဓဘာသာတွေရဲ့ အထွတ်အမြတ်ထားတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော်ကြီးကို အခေါက်ပေါင်းများစွာ သွားပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ဖူးမြော်ကြည်ညိုပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်သိချင်တာက အဆွေတော်ရဲ့ ဗုဒ္ဓဘာသာအပေါ်ထားတဲ့ စိတ်နေစိတ်ထားနဲ့ ခံယူချက်ကို အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ ။** ကမ္ဘာမှာတော့ ကိုးကွယ်တဲ့ဘာသာတွေအများကြီးရှိပါတယ်။ ဗုဒ္ဓဘာသာအပြင် ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာ၊ ဟိန္ဒူဘာသာ စသည်ဖြင့်ရှိတာပေါ့၊ တူညီတဲ့ ဒီကိုးကွယ်ရာဘာသာအလိုက် တူညီတဲ့ အကြောင်းအရာအချက်တွေမှာလည်း တည်ငြိမ်အေးချမ်း၊ ငြိမ်းချမ်းရေးပေါ့၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကိုပဲ ဦးတည်ပြီးသွားကြတာတွေ့တယ်။ သို့သော် ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားဟောတဲ့ တရားထဲမှာတော့ ထူးခြားတာတစ်ခုရှိတယ်။ အဲဒါကတော့ ဓမ္မနဲ့ပတ်သက်ပြီး ပြောပြတာရှိပါတယ်။ ဓမ္မ၊ ဓမ္မဆိုတာကတော့ သီလ၊ သမာဓိ၊ ပညာလို့ ကျွန်တော်တို့ပြောတာပေါ့။ တခြားဘာသာတွေမှာ ကျွန်တော်တို့ မတွေ့ဘူး။ သို့သော် မြတ်စွာဘုရားဟောတဲ့အထဲမှာ ဓမ္မဆိုတဲ့ တရားလေးတစ်ခုရှိတယ်။ တစ်အချက်ကတော့ သီလဆိုတာတော့ ကိုယ်/နှုတ်ပေါ့၊ ကိုယ်နဲ့နှုတ်နဲ့ နှုတ်ကနေ ကြမ်းတမ်းတဲ့စကားပြောတာတို့၊ အမူအယာအားဖြင့် လုပ်တာတွေကို ကျွန်တော်တို့မလုပ်ဖို့ မြတ်စွာဘုရားကဟောထားတယ်။ သီလနဲ့နေကြဖို့ဆိုပြီးပြောတာပါ၊ သမာဓိ-သမာဓိဆိုတာစိတ်နဲ့ပတ်သက်တာ၊ ကောင်းတဲ့စိတ်ကိုမွေးတာ၊ မကောင်းတဲ့အကြံအစည် ဘာမှမလုပ်နဲ့၊ ကောင်းတဲ့အကြံအစည်ပဲလုပ်ပြီး စိတ်ကိုဖြူစင်တဲ့ စိတ်ကိုထားပေါ့၊ သီလ၊ သမာဓိရယ် မြတ်စွာဘုရားက ဟောခဲ့တာပေါ့၊ ပညာနဲ့ပတ်သက်လို့ပေါ့၊ ပညာဆိုတာကတော့ နက်ရှိုင်းစွာသိအောင် ဆောင်ရွက်ခြင်းပါပဲ၊ နက်ရှိုင်းစွာသိတဲ့ သူတွေက ပညာရှင်တွေဖြစ်ကြတယ်။ ပညာတတ်တယ်ဆိုတာ ပညာတတ်တဲ့ အတိမ်အနက်အပေါ်မူတည်ပြီးတော့ သူသည် ပညာရှင်အဆင့်ထိ ဖြစ်လာကြတာ ဒါ့ကြောင့် ဒီသုံးချက်ကတော့ ဗုဒ္ဓဘာသာ- ဗုဒ္ဓမြတ်စွာဘုရားရဲ့ ထူးခြားတဲ့တရားတော်ထဲမှာပါတာပေါ့၊ ဒါကြောင့် ဒီအဆုံးအမတွေကတော့ ကျွန်တော်ထင်တယ်။ ဘယ်လူမျိုးမဆို လိုက်နာသင့်တဲ့တရားလို့ ကျွန်တော်တော့ ယူဆပါတယ်။ ဒါကြောင့် ဒီထူးခြားတာလေးကတော့ ဗုဒ္ဓဘာသာအပိုင်းက ကျွန်တော်တို့အနေနဲ့ကတော့ တန်ဖိုးအင်မတန်ထားပါတယ်။ ဗုဒ္ဓဟောတဲ့အထဲမှာ အမြင့်ဆုံးလို့ ကျွန်တော်တို့ ယူဆပါတယ်။

**မေး ။ အခုလိုမျိုး ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီးရှင်းပြပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အခုဆိုရင် ကျွန်တော်မသိသေးတဲ့အကြောင်းအရာတွေ သိရှိသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အင်တာဗျူးအစီအစဉ်ရဲ့ နာမည်ကတော့ Formula of Power ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့ ၂၅ နှစ်ကနေ နိုင်ငံတိုင်းမှာရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ အဓိကကျတဲ့ သံယာတွေ ဘုန်းကြီးတွေနဲ့ပတ်သက်ပြီး အင်တာဗျူးတွေ အများကြီးလုပ်ခဲ့ပါတယ်။ လုပ်ခဲ့တဲ့ အင်တာဗျူးပေါင်းကလည်း ၄၀၀ ကျော်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အစဉ်အလာအရ မေးခွန်းအနေနဲ့ မေးချင်တာကတော့ အဆွေတော်ဝန်ကြီးချုပ် Power ကို ဘယ်လိုမျိုးအဓိပ္ပာယ်ဖွင့်ပါသလဲ။ Power နဲ့ပတ်သက်ပြီး အဆွေတော်ဝန်ကြီးချုပ်ရဲ့ အမြင်သိချင်ပါတယ်။**

**ဖြေ ။** Power ဆိုတာက အင်အားတစ်ခုကိုတည်ဆောက်တာ၊ အင်အားတစ်ခုရှိအောင် လုပ်တာပေါ့။ ဟိုးရှေးခေတ်ကတည်းကကြည့်လို့ရှိရင်လည်း အင်အားနည်းတဲ့သူတွေက တစ်ဖက်လူကို လာလွှမ်းမိုးနိုင်အောင် အင်အားတည်ဆောက်ရင်း တည်ဆောက်ရင်းနဲ့ တစ်ဦးချင်းကနေအုပ်စုလိုက်တွေ၊ အုပ်စုလိုက်ကနေပြီးတော့ နိုင်ငံအလိုက်တွေ၊ ဒေသလိုက်တွေ ဒီလိုဖြစ်လာခဲ့တာတွေရှိတယ်။ ဒါကတော့ အင်အားတည်ဆောက်ခြင်းရဲ့အပိုင်းပဲ။ အင်အားမှာလည်း ကျွန်တော့်အမြင်လေးတစ်ခုရှိတယ်။ အဲ့ဒါအင်အားဆိုတာမှာ ဘယ်ဟာကို အင်အားလို့ ကျွန်တော်တို့ပြောတာတုန်း။ နိုင်ငံရေးအင်အားလား၊ စီးပွားရေး အင်အားလား၊ ဒါမှမဟုတ်လို့ရှိရင် သူ့ရဲ့ကာကွယ်ရေးအင်အားလား စွမ်းအားတွေပေါ့၊ အင်အား- စွမ်းအား အတူတူပါပဲ။ နိုင်ငံရေးအင်အားဆိုတာကတော့ အတွင်းထဲမှာရှိတဲ့အားတွေကို ကျွန်တော်တို့ဆိုလိုတာပေါ့။ နိုင်ငံအားကောင်းရင် အဲဒီတိုင်းပြည်ကတော့ စည်းလုံးညီညွတ်တဲ့တိုင်းပြည် အင်အားခိုင်မာမှုရှိတယ်ဆိုတာ ဖော်ပြတယ်။ နိုင်ငံရေးအား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နိုင်ငံရေးသဘောထားတွေ တူညီမှုရှိမှာမဟုတ်တဲ့အတွက်ကြောင့် အပြည့်အဝတော့ရမှာမဟုတ်ဘူး။ သို့သော် ပြည်တွင်းမှာဆို နိုင်ငံရဲ့ အင်အားကတူညီတဲ့သဘောထား ရှိတဲ့အတွက် နိုင်ငံရေးအင်အား တောင့်တင်းမှုတွေရှိတယ်။ နောက်တစ်ခုကတော့ စီးပွားရေး၊စီးပွားရေးအားကောင်းတယ်ဆိုရင် သူကတော့ ချမ်းသာတယ်လို့ ပြောကြတယ်။ ချမ်းသာလို့ရှိရင်တော့ သူ့ရဲ့တစ်ဦးချင်းမှာလည်းချမ်းသာတယ်လို့ဆိုရင် သူ့ရဲ့ Power ကိုရအောင် သူအသုံးချနိုင်တယ်။ ငွေကြေးအသုံးချနိုင်တာရှိတယ်။ ဒေသတွင်းဆို ဒေသတွင်းအလျောက်၊ နိုင်ငံဆို နိုင်ငံအလျောက်ပေါ့။ နိုင်ငံတစ်နိုင်ငံကလည်း ငွေကြေးချမ်းသာတယ်ဆိုလို့ရှိရင် သူ့ရဲ့အင်အားကို အသုံးချနိုင်တာ ကျွန်တော်တွေ့တယ်။ ဒီလိုပဲ ကာကွယ်ရေးအင်အားဆိုလို့ရှိရင် စစ်ရေးအင်အား တောင့်တင်းလို့ရှိရင် ဥပမာအားဖြင့် အဖွဲ့အစည်းတစ်ခုက လက်နက်၊ ခဲယမ်းမီးကျောက် အင်အားတောင့်တင်းတယ်ဆိုရင် ကျန်တဲ့အဖွဲ့တွေက သူ့ကို မထိရဲဘူး၊ မလုပ်ရဲဘူး ဒါကသဘာဝပဲ။ အဲဒီတော့ နိုင်ငံတစ်ခုကလည်း ကာကွယ်ရေးအင်အား၊ စွမ်းအားတောင့်နေလို့ရှိရင် ဒေသတွင်းမှာတော့ သူသည် အာဏာရှိတယ်။ ကမ္ဘာမှာကြည့်လိုက်ပါ၊ ကမ္ဘာမှာကြည့်လို့ရှိရင် ငွေကြေးချမ်းသာတဲ့ တိုင်းပြည်တွေဟာလည်း ငွေကြေးအင်အား နည်းပါးတဲ့တိုင်းပြည်တွေကို ဩဇာလွှမ်းမိုးမှုရှိတယ်။ ဒီလိုပဲ စစ်ရေးအင်အားတောင့်တင်းတဲ့ တိုင်းပြည်တွေကလည်း စစ်ရေးအင်အားနဲ့ တခြားနိုင်ငံတွေကိုဖိအားပေးနိုင်တယ်။ ဒါကြောင့် ဒါဒီသုံးခုကတော့ ကျွန်တော်တို့အနေနဲ့ ဒီအား ၃ ခုကို အားနဲ့ပတ်သက်ပြီးတော့ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါ့ကြောင့် နိုင်ငံတစ်ခု အင်အားရှိချင်ရင် လူတစ်ယောက် အားရှိပြီဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် အားရှိအောင် လုပ်ဖို့၊ ကိုယ့်အားကဘာလဲ၊ ကိုယ့်အားကို ဘယ်လိုလုပ်မလဲ၊ ဘယ်လိုတည်ဆောက်မလဲ ဒီလိုသွားရမှာ ဖြစ်တယ်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media**

ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုး ဆွေးနွေးပေးတဲ့အတွက်၊ အခုလိုမျိုး ဆွေးနွေးဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

ကောင်းပါပြီ၊ ကောင်းပါပြီ။ ။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆)ကြိမ်မြောက် ပုဒ္ဓပူဇနီယပွဲတော် ရွှေကြာသက်န်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားများကျင်းပ



**နေပြည်တော် မတ် ၂၄**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့်လိုဏ်တော်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူနှင့် မဟာဆုတောင်းပြည့်(ပန်းပေါင်း)ဘုရားကြီးတို့ကို (၁၆)ကြိမ်မြောက် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သံလျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုတော်မူသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးဟန်သူ၊ ဦးမင်းဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ စေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင်အရှေ့မြောက်ထောင့် ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့်(ပန်းပေါင်း)ဘုရားကြီးတို့ကို ရွှေကြာသင်္ကန်းတော်၊မြသပိတ်တော်ဖြင့် ဆွမ်းတော်၊သစ်သီး၊ ပန်းမန်နှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းအခမ်းအနားကိုကျင်းပရာ ဆရာတော်ကြီးများအား ဗုဒ္ဓါဘိသေကအနေကဇာတင်မည့်နေရာသို့ ပင့်ဆောင်၍ တံခွန်၊ ကုက္ကား၊ မုလေးပွားများဆက်ကပ်ကြပြီးဆရာတော်ကြီးများအား အခမ်းအနားအားလွှဲအပ်၍ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် ကုသိုလ်တော်မင်္ဂလာဆည်းပူးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်၊သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တာသုတ်ပရိတ်တရားတော်ကိုနာယူ၍ တက်ရောက်လာကြသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

# သီတဂူနွေရာသီစံကျောင်း(ပြင်ဦးလွင်) သီတဂူစန္ဒြကန္တိကျောင်းဆောင်တော်နှင့် တစ်ပါးနေကျောင်းဆောင်တော်များ ကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၄**

သီတဂူနွေရာသီစံကျောင်း(ပြင်ဦးလွင်) သီတဂူစန္ဒြကန္တိ ကျောင်းဆောင်တော်နှင့် တစ်ပါးနေ ကျောင်းဆောင်တော်များ ကျောင်းလွှတ်ပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာ သီတဂူကုန်းတော်၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဠသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ပူဇော်ကြသည်။ ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်များက သီတဂူဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များအား အရှုဏ်ဆွမ်းများ ဆက်ကပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက သီတဂူဆရာတော်ကြီးထံမှ ဩဝါဒကထာများ နာယူကြည်ညိုကြပြီး နဝကမ္မဝတ္ထုငွေများကို သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ထံ ဆက်ကပ်လှူဒါန်းကြကာ အနုမောဒနာတရားနာယူကြည်ညို၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သီတဂူဆရာတော်ကြီး အမှူးပြုပြီး ဆရာတော်၊ သံဃာတော်တို့အား ဆန်ချိုစေတီတော်ပေါ်၌ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။



**သီတဂူနွေရာသီစံကျောင်း(ပြင်ဦးလွင်)သီတဂူစန္ဒြကန္တိ ကျောင်းဆောင်တော်နှင့် တစ်ပါးနေကျောင်းဆောင်တော်များ ကျောင်းလွှတ်ပူဇာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၂၅ ရက်မှ မတ် ၃၁ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊တိုင်းမှူးနှင့်တာဝန်ရှိသူများက တပေါင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘုရားကြီးရင်ပြင်ရှိ စတုဒိသာမဏ္ဍပ်များတွင် ကျွေးမွေးဧည့်ခံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး တပေါင်းပွဲလာပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ယင်းနောက် မဟာမုနိဘုရားကြီး ရင်ပြင်တော်ထောင့်လေးထောင့်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရွှေတိဂုံစေတီတော် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် အောင်ပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၄**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် အောင်ပွဲနှင့် ရေစက်ချအနုမောဒနာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဩဝါဒပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။



ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးမျိုးအောင်ဌေးက ဗုဒ္ဓပူဇနီယမင်္ဂလာ အနုမောဒနာကို လျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရဝိနယဓိယ နိကာယပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ ဩဝါဒပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်ချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် စေတီတော်ရင်ပြင်ရောင်တော်ဖွင့်တန်ဆောင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းနှင့် ထီးတော်ရုံတန်ဆောင်းတို့၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်မြောက်ဘက်မုခ်ရှိ အောင်မြေ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဂေါပကရုံးဝန်ထမ်းများက ဆွမ်းတော်ကြီး တင်လှူဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီတော်များတွင် ဘုရားဖူးပြည်သူများလာရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ ကုသိုလ်ဘာဝနာများပွားများလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်



၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် မန္တလေးတိုင်းဒေသကြီးမှ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ ကျင်းပစဉ်။



ဆရာတော်ထံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၂၄**

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာနေရာများ၌ ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ အသီးသီးတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက သမ္ဗောဒနီယ ဩဝါဒကထာမြွက်ကြားပြီး ပရိတ်တရားများ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ယင်းနောက် တာဝန်ရှိသူများက သာသနာရေးဆိုင်ရာ များလျှောက်ထားပြီး ဘွဲ့ခံဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ အသီးသီးဆက်ကပ်လှူဒါန်းချီးမြှင့်ကြသည်။ ထို့နောက် သံဃာတော်များထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာများ၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ် ၂၅၊ ၂၆ ရက်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ နှစ်ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်သည်။ အောက်ပါလိပ်စာသို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လုံခြုံရေးဆပ်ကော်မတီ**
**နေပြည်တော်တိုင်းစစ်ဌာနချုပ်**
**နေပြည်တော်**
**ဖုန်း-၀၃၂-၃၀၀၀၉**

## (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို တိုက်ရိုက်(Live) ထုတ်လွှင့်မည်

၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို မတ်လ ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်အချိန်မှစ၍ MWD HD၊ MWD VARIETY HD၊ MRTV-HD၊ MRTV Parliament၊ MRTV NRC ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဥ္စဝတီ FM၊ မန္တလေး FM၊ ရွှေ FM၊ ပုံ FM၊ Star FM၊ သဇင် FM၊ တို့အပြင် MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

# စာနာထောက်ထားမေတ္တာတရားဖြင့် ပြည်ထောင်စုသားချင်း ဝိုင်းဝန်းကူညီ (ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်)

မောင်ငြိမ်းအေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် မေလ ၂၄ ရက်က ပေါက်တောမြို့နယ်အတွင်း အခမဲ့ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် မေလ ၂၄ ရက်က ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားများအား သွားရောက်၍ အမှတ်တရလက်ဆောင်ပေးအပ်စဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်နေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ မေလ ၁၃ ရက်တွင် တာဝန်ရှိသူများက ရေယာဉ်ဖြင့် ကြိုတင်ရွှေ့ပြောင်းပေးစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့်ကျေးရွာများမှ ပြည်သူများအား မုန်တိုင်းဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ကြိုတင်ရွှေ့ပြောင်းပေးစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အ. လ. က(ခွဲ) ဆည်သုံးတန် အဆောင်(၁)ကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အ. လ. က(ခွဲ) ဆည်သုံးတန် အဆောင်(၁)ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

**မေလ ၁၅ ရက်နေ့သို့ရောက်သည်နှင့် နိုင်ငံတော်အစိုးရက အလျင်အမြန်စီမံခန့်ခွဲပေးမှုကြောင့် ကယ်ဆယ်ကူညီစောင့်ရှောက်မှုများ စတင်ရောက်ရှိလာခဲ့သည်။ ကူညီကယ်ဆယ်ပေးမည့်သူကို မျှော်လင့်တကြီး စောင့်မျှော်နေသော ပေါက်တောသူ၊ ပေါက်တောသားများမှာ ဝမ်းသာမဆုံးဖြစ်ကြရ. . .**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) သည် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ကမ်းရိုးတန်းဒေသ စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

အလွန့်အလွန်အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့်မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းခဲ့ပြီး မုန်တိုင်းဖြတ်သန်းတိုက်ခတ်နိုင်သည့်အခြေအနေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရနိုင်မှုအခြေအနေတို့အပေါ် မူတည်၍ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မြေပုံမြို့နယ်၊ မာန်အောင်မြို့နယ်တို့ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီရောင်အဆင့်ဒေသများအဖြစ် အသိပေးကြေညာခဲ့ရာတွင် ပေါက်တောမြို့နယ်လည်း ပါဝင်ခဲ့သည်။ ဆက်လက်၍ အနီရောင်အဆင့်ရှိသည့် မြို့နယ်များကို အသိပေးကြေညာခဲ့သည်။

**စုစည်းဖွဲ့စည်းထား**

ပေါက်တောမြို့နယ်သည် မြန်မာနိုင်ငံ၏အနောက်ပိုင်း ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်း

**စာမျက်နှာ ၂၆ သို့**



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အ. မ. က လှခိုင်ကျေးရွာကျောင်း ပင်မဆောင်ကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အ. မ. က လှခိုင်ကျေးရွာကျောင်း ပင်မဆောင် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အ. ထ. က (အဆောင်-၅)ကို တွေ့ရစဉ်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ပေါက်တောမြို့နယ် အ. ထ. က (အဆောင်-၅) ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ ပျက်စီးမှုကိုတွေ့ရစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

**စာမျက်နှာ ၂၅ မှအဆက်**

တည်ရှိပြီး အရှေ့ဘက်တွင် မင်းပြားမြို့နယ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် မြောက်ဦးမြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ပေါက်တောမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁ ပေတွင်ရှိပြီး လူဦးရေ ၁၈၅၂၈၄ ဦး၊ အိမ်ထောင်စု ၃၈၀၁၇ စု၊ အိမ်ခြေ ၃၅၈၉၉ လုံး ရှိသည့် ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာ ၁၇၇ ရွာဖြင့် ဖွဲ့စည်းထားသည်။ ထို့ပြင် ဆင်တက်မော်၊ ကြိမ်နီပြင်၊ အနောက်ရဲနှင့် ငှက်ချောင်း IDPs စခန်းများလည်းရှိသည်။

**အေးချမ်းစွာနေထိုင်**

ပေါက်တောမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်း စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခုဖြစ်သည်။ မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကအားထားလုပ်ကိုင်ကြသည့်အပြင် ရေလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြသည်။ အဓိကထွက်ကုန် ပုစွန်၊ စပါး၊ ဆားအများဆုံး တင်ပို့ရောင်းချကြသည်။ ဆန်စက်၊ ရေခဲစက်များရှိသည့်အပြင် အခြားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများလည်းရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါများသည်။ ပထဝီအနေအထားအရ ရေမြေသဘာဝကောင်းမွန်သော်လည်း သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေအများဆုံးရှိသော မြို့နယ်ဖြစ်သည်။

**အတိဒုက္ခရောက်**

မြို့နယ်အတွင်း ရခိုင်လူမျိုးအများစုနေထိုင်ကြပြီး အခြားလူမျိုးစုအနည်းငယ်နှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်လျက်ရှိသော ပေါက်တောမြို့တွင် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့နံနက်က ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် မူလရှိပြီးသား ကောင်းမွန်သည့်အခြေအနေများ ပျက်ပြားသွားခဲ့ရသည်။ ဒေသခံပြည်သူများအတိဒုက္ခရောက်ခဲ့ကြသည်။ မုန်တိုင်းတိုက်ခတ်နေစဉ် ပြည်သူများမှာ အန္တရာယ်ကင်းရာနေရာများသို့ အပြေးအလွှားပုန်းရှောင်နေခဲ့ကြရသည်။ ပေါက်တောမြို့နယ်တွင် နေအိမ်အများစုမှာ ဝါးခနီအိမ်များဖြစ်ပြီး အိမ်ကြီးအိမ်ကောင်း အနည်းငယ်သာရှိသည်။ မုန်တိုင်းအရှိန်ကြောင့် နေအိမ်အများစုမှာ ပျက်စီးသွားခဲ့သည်။ မုန်တိုင်းစဲသွားသောအခါ မိမိနေအိမ်အပျက်အစီးများနှင့် သေဆုံးပျောက်ပျက်သွားသည့် မွေးမြူရေးတိရစ္ဆာန်များအတွက် ဝမ်းနည်းပက်လက်ဖြစ်ကြသည်။ လူသေဆုံးမှုမရှိသော်လည်း မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၇၇၈၇ ကောင် သေဆုံး/ပျောက်ဆုံးသွားခဲ့သည်။

**မြို့နယ်အတွင်း ပျက်စီးမှုအခြေအနေများကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ပထမဦးစားပေးအနေဖြင့် အခြေခံပညာစာသင်ကျောင်းများအားလည်းကောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ဆေးရုံ၊ ဆေးခန်းများအားလည်းကောင်း၊ တတိယဦးစားပေးအနေဖြင့် သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ စတုတ္ထဦးစားပေးအနေဖြင့် ဌာနဆိုင်ရာအဆောက်အအုံများကိုလည်းကောင်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့ . . .**

**စာမျက်နှာ ၂၇ သို့**



ပေါက်တောမြို့နယ် ပြင်းချောင်းကျေးရွာတွင် Life Straw ရေသန့်စက်ဖြင့် သောက်သုံးရေများဖြန့်ဝေနေစဉ်။



ပေါက်တောမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ခွဲစိတ်ကုသပေးစဉ်။



၂၀၂၃ ခုနှစ် မေလ ၁၃ ရက်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောအဖွဲ့ မုန်တိုင်းရှောင်ပြည်သူများထားရှိရာ ယာယီခိုလှုံရေးစခန်းများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



ရခိုင်ပြည်နယ်အတွင်းမြို့နယ်များသို့ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပို့ဆောင်နိုင်ရေးအတွက် တာဝန်ရှိသူများထံ ၂၀၂၃ ခုနှစ် မေလ ၁၀ ရက်က ပေးအပ်စဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြိုလဲပျက်စီးသည့်သစ်ပင်သစ်ကိုင်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များ ရှင်းလင်းဖယ်ရှားစဉ်။



နိုင်ငံတော်က ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားမှုမထိခိုက်စေရန် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကျောင်းစတင်ဖွင့်လှစ်သည့် ၁-၆-၂၀၂၃ ရက်တွင် ကျောင်းတက်ရောက်လာမှုကိုတွေ့ရစဉ်။

စာမျက်နှာ ၂၆ မှအဆက်

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများက နေ့မအား ညမအား ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် တစ်မြို့နယ်လုံးအတွက် လျှပ်စစ်ဓာတ်အားများ ပုံမှန်ပြန်လည်ပေးဝေနိုင်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြ . . .**

### အလျင်အမြန်ဆောင်ရွက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် မေလ ၁၅ ရက်နှင့် မေလ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်အတွက် တပ်မတော်အရာရှိကြီးများအား အချိန်မဆိုင်းဘဲ တာဝန်ပေးအပ်ခဲ့သည်။** ပေါက်တောမြို့နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဆန်နီအုန်းအား တာဝန်ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခဲ့သည်။

### ဝမ်းသာမဆုံး

ပေါက်တောမြို့နယ်အတွင်း နေထိုင်ကြသောပြည်သူများသည် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ကို ၎င်းတို့ဘဝအတွက် ကြောက်မက်ဖွယ်ရာ နေ့တစ်နေ့အဖြစ် ခံယူခဲ့ကြသည်။ ထိုနေ့တစ်နေ့တာလုံး ၎င်းတို့အတွက် ငရဲတမျှအလား ဒုက္ခဆင်းရဲများခံစားခဲ့ကြရသည်။ တစ်မြို့နယ်လုံးစိစိညက်ညက်ကျေပြီး နေရေး၊ ထိုင်ရေး၊ စားသောက်ရေးပါမကျန် အခက်အခဲများဖြစ်ကြရသည်။ မေလ ၁၅ ရက်နေ့သို့ရောက်သည်နှင့် နိုင်ငံတော်အစိုးရက အလျင်အမြန် စီမံခန့်ခွဲပေးမှုကြောင့် ကယ်ဆယ်ကူညီစောင့်ရှောက်မှုများ စတင်ရောက်ရှိလာခဲ့သည်။ ကူညီကယ်ဆယ်ဖေးမမည့်သူကို မျှော်လင့်တကြီး စောင့်မျှော်နေသော ပေါက်တောသူ၊ ပေါက်တောသားများမှာ ဝမ်းသာမဆုံးဖြစ်ကြရသည်။

### ကူညီဆောင်ရွက်

မေလ ၁၆ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မြို့နယ်များကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းများနှင့် ရပ်ကွက်ကျေးရွာများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များကို ထောက်ပံ့ကူညီပေးသည်။ မေလ ၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၁၁၆ ဦးတို့သည် ပေါက်တောမြို့နယ်သို့ရောက်ရှိပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၂၈ သို့





မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပေါက်တောမြို့နှင့် ကျေးရွာများ၌ လျှပ်စစ်ဓာတ်အားရရှိမှုပြတ်တောက်ခဲ့ရပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပေါက်တောမြို့နယ် ဓာတ်အားခွဲရုံနှင့် မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှုကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၅ ရက်တွင် တွေ့ရစဉ်။



မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပေါက်တောမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထိခိုက်ပျက်စီးမှုကိုတွေ့ရစဉ်။



မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေါက်တောမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

**စာမျက်နှာ ၂၇ မှအဆက်**

**ရှာဖွေရှင်းလင်း**

ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များသည် မေလ ၂၀ ရက်နေ့တွင် ပေါက်တောမြို့နယ်အတွင်းရှိ နေရာ ၁၂ နေရာတွင် နေအိမ်များ၊ ရုံးအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဘုရားစေတီတော်များနှင့် လမ်းများတွင် လဲကျနေသော သစ်ပင်များကို ရှင်းလင်းခြင်း၊ လမ်းများပေါ်တွင်လဲကျနေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများနှင့်အခြားအပျက်အစီးများကို ဖယ်ရှားပေးခဲ့သည်။ မေလ ၂၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင် ၁၁၆ ဦးဖြင့် ကူညီရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ပေါက်တောမြို့နယ်တွင် ပြိုလဲပျက်စီးသော သစ်ပင်ပေါင်းတစ်ထောင်ခန့်ကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းပေးခဲ့သည်။

**ပြုပြင်ဆောင်ရွက်**

မိုခါမုန်တိုင်းမတိုက်ခတ်မီအချိန်က ပေါက်တောမြို့နယ်တွင် ဆက်သွယ်ရေးအော်ပရေတာ လေးခုရှိခဲ့ပြီး ဒေသခံပြည်သူများ အဆင်ပြေစွာအသုံးပြုနိုင်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးသည့်အချိန်တွင် ဆက်သွယ်ရေးစနစ်များပြတ်တောက်သွားခဲ့ရာ မုန်တိုင်းတိုက်ခတ်ပြီး မွန်းလွဲပိုင်းတွင်ပင် ဆက်သွယ်ရေးစနစ်တစ်ခုကို စစ်တွေ၊ ကျောက်ဖြူ ဘူးသီးတောင်၊ ရသေ့တောင်၊ ပေါက်တောမြို့နှင့် ချင်းပြည်နယ်သို့ ပို့ဆောင်ပေးပြီး ထိုနေ့ညပိုင်းမှစ၍ တစ်မြို့လျှင် ဖုန်းလိုင်းလေးလိုင်းဖြင့် ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

ပေါက်တောမြို့နယ်တွင် ကျန်းမာရေးအဆောက်အအုံ ၇၄ ခု ထိခိုက်ပျက်စီးသွားခဲ့သည်။ ၆၄ ခုမှာလုံးဝပျက်စီးသွားပြီး ၁၂ ခုကို ချက်ချင်းပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကျောင်းဖွင့်အမီ**

ပေါက်တောမြို့နယ်တွင် အခြေခံပညာဆရာ၊ ဆရာမ ၁၆၈၅ ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူ နှစ်သောင်းကျော်ရှိသည်။ တစ်မြို့နယ်လုံးတွင် အခြေခံပညာကျောင်းပေါင်း ၁၇၀ ရှိပြီး မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ကျောင်း ၆ ကျောင်းသာ မပျက်စီးခဲ့ဘဲ မူလတန်းကျောင်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အခြေခံပညာကျောင်းစုစုပေါင်း ၁၆၄ ကျောင်းမှာ လုံးဝပျက်စီးသွားခဲ့သည်။ **မေလ ၁၄ ရက်နေ့တွင် မိုခါမုန်တိုင်းတိုက်ခတ်ခဲ့ရာ ပျက်စီးသွားသောကျောင်းများ ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်အမီပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်နိုင်သည့်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးနိုင်ခဲ့သည်။**

**ပုံမှန်အခြေအနေ**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်တွင် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ရာများသာမက စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဆည်မြောင်းတာတမံများ၊ လမ်းတံတားများနှင့် အိမ်မွေးတိရစ္ဆာန်များ၊ မွေးမြူရေးတိရစ္ဆာန်များ သေကျေပျက်စီးခဲ့ရသည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများကို ပြန်လည်အစားထိုးတည်ဆောက်နိုင်ရန်အတွက် ပေါက်တောမြို့နယ်ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ပေးနေသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဆန်နီအုန်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပေါက်တောမြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများအတူတကွ နေ့ညမပြတ်ဆောင်ရွက်ပေးခဲ့ရာ တစ်လအတွင်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

**ဦးစားပေးအလိုက်**

**မြို့နယ်အတွင်း ပျက်စီးမှုအခြေအနေများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပထမဦးစားပေးအနေဖြင့် အခြေခံပညာစာသင်ကျောင်းများအားလည်းကောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ဆေးရုံ၊ ဆေးခန်းများအားလည်းကောင်း၊ တတိယဦးစားပေးအနေဖြင့် သာသနိကအဆောက်အအုံများကို လည်းကောင်း၊ စတုတ္ထဦးစားပေးအနေဖြင့် ဌာနဆိုင်ရာအဆောက်အအုံများကို လည်းကောင်း ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။** စစ်တွေမြို့မှတစ်ဆင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ရောက်ရှိခဲ့ပြီး ရောက်ရှိလာသည့်ပစ္စည်းများကို မြို့နယ်အတွင်းရှိ အိမ်ထောင်စုများအား မျှဝေထောက်ပံ့ပေးခဲ့သည်။ ပေါက်တောမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့ရေးဆောင်ရွက်ရာတွင် အဆင်ပြေချမ်းသာသူ၊ အသင့်အတင့်ရှိသူ၊ ဆင်းရဲနွမ်းပါးသူဟူ၍ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ပေးခဲ့သည်။

**ချက်ချင်းဖြည့်ဆည်း**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပေါက်တောမြို့နယ်တွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် နေရေး ထိုင်ရေး ဝမ်းရေးအတွက်သာမက အရေးကြီးသည့်သုံးရေ သောက်ရေအခက်အခဲများဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် မူလရှိပြီး ရေအရင်းအမြစ်များ ပျက်စီးသွားသည့်အပြင် ပင်လယ်ဆားငန်ရေဝင်ရောက်မှုများလည်းဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် **သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို နိုင်ငံတော်က မုန်တိုင်းသင့်ဒေသများ အားလုံးကို ချက်ချင်းဖြည့်ဆည်းပေးခဲ့သည်။ ပေါက်တောမြို့နယ်တွင် မိုဘိုင်းဆိုလာစနစ်ဖြင့် ရေပေးရေးစနစ်နှစ်ခု၊ သောက်သုံးရေဂါလန် ၂၀၀၀ ခန့်ကို ဖြည့်ဆည်းပေးခဲ့သည်။ ရေသန့်စင်စနစ် ၂၃ ခုဖြင့် သောက်သုံးရေဂါလန် ၁၇၉၄ ဂါလန်၊ ရေသန့်စင်ဆေးပြား ၁၅ သေတ္တာ၊ ကလိုရင်း ၇၅ ပုံး၊ ၂၀ လီတာ ရေဘူး ၄၅ ဘူး၊ ရေကန်မှ ရေငန်စုပ်ထုတ်ခြင်း အကြိမ် ၂၀ ပြုလုပ်ပေးခဲ့သည်။**

**ဝမ်းမြောက်ပျော်ရွှင်**

ပေါက်တောမြို့နယ်တွင် တည်ဆောက်ထားသော ၃၃ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံတစ်ရုံတို့ ပျက်စီးသွားခဲ့သည်။ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ပိုင်းရှိ မြို့နယ်များကို လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေးအတွက် စီစဉ်ပေးခဲ့ရာ ပေါက်တောမြို့ကိုလည်း အလျင်အမြန်ပြုပြင်ဆောင်ရွက်ပေးခဲ့သဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် ရာခိုင်နှုန်းပြည့် ပြင်ဆင်ပြီးခဲ့သည်။** ပေါက်တောမြို့နယ်အတွင်း ရပ်ကွက် ၅ ခုနှင့် ကျေးရွာ ၂၆ ရွာတွင် ၃၃ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်ခွဲရှိသည့်အနက် တစ်ဝက်နီးပါးပျက်စီးသွားခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် တစ်မြို့နယ်လုံးအတွက် လျှပ်စစ်ဓာတ်အားများ ပုံမှန်ပြန်လည်ပေးဝေနိုင်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

**မူလအခြေအနေရောက်**

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပေါက်တောတစ်မြို့နယ်လုံး၏ ပျက်စီးဆုံးရှုံးမှုခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆၄၄၅ ကျော်ရှိသည်ဟု သိရသည်။ **တည်ငြိမ်အေးချမ်းပြီး လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အဆင်ပြေခဲ့သည့် ပေါက်တောမြို့နယ်သည် မုန်တိုင်းဒဏ်ကြောင့် ကြေမွပျက်စီးခဲ့သော်လည်း မုန်တိုင်းအန္တရာယ်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ရခိုင်ပြည်နယ်အတွင်းမှ မုန်တိုင်းဒဏ်သင့်မြို့နယ်များအားလုံး မူလအခြေအနေသို့ ရောက်ရှိအောင် အချိန်တိုအတွင်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။** ပေါက်တောမြို့နယ်မှ ပြည်သူများ ဘေးဒုက္ခရောက်နေချိန်တွင် ပြည်ထောင်သားချင်း ရိုင်းပင်းကူညီဖေးမစောင့်ရှောက်မှုဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် နိုင်ငံတော်အစိုးရက ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ။

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပူးစားပြောင်း ၃၇၆၆ ဧက ရိတ်သိမ်းပြီးစီး



**ငပုတော မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပူးစားပြောင်း ၃၇၆၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၃၇၆၆ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပူးစားပြောင်းများကို ဖေဖော်ဝါရီလ ပထမပတ်ကစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီနှစ်ပူးစားပြောင်း ၃၇၆၆ ဧကလျာထား စိုက်ပျိုးခဲ့ပါတယ်။ ပူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ပူးစားပြောင်းသီးနှံများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ပိုးမွှား အန္တရာယ် မကျရောက်စေရန်၊ ပြောင်းသီးနှံများ အထွက်နှုန်းကောင်းစေရန်၊ အရည်အသွေး ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါက်ခေါင်းမြို့နယ် ဇီးကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ဇီးကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီးမြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇီးကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၃၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅သန်းဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၅၁ အိမ်မှ လူဦးရေ ၉၇၄ ဦးတို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာပေးပို့နိုင်ပြီဖြစ်ကြောင်း၊ သောက်သုံးရေများလည်း ဖူလုံစွာရရှိပြီဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အေးမြတ်**



# မင်းတုန်းမြို့နယ် ကြို့ကုန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း မတ် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ကုန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မင်းတုန်းမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကိုငွေကျပ် ၂၆ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၄ ဒသမ ၅၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ယဉ်လေး**

## အလေးပြုပါ၏ ထာဝစဉ် တပ်မတော်၏ ဂုဏ်သွင်ပြင်

\- တိုင်းပြည်ကို ထူထောင်ခြင်းရယ်နှင့်
ယှူဆောင်နှင်းခဲ့ လွတ်လပ်အမွေ၊
တို့ဖခင် ဗိုလ်အောင်ဆန်းက
လမ်းပြခဲ့ပေ၊
ထိန်းသိမ်းစောင့်ရှောက် မြန်မာ့မြေ
တာဝန်တွေ အစဉ်သယ်ပိုး၊
ကိုယ့်ရေမြေ ကိုယ့်ပိုင်နက်ကို
အသက်ထက် မြတ်နိုး။

\- မြန်မာဆိုတဲ့ ဘုန်းတန်ခိုး
ဆထက်တိုးဖို့ အမြဲရည်မျှော်၊
သစ္စာဓိဋ္ဌာန် တစ်ချက်မလစ်တဲ့
မျိုးချစ်တပ်မတော်၊
နိုင်ငံအတွက် အသက်စွန့်ပျော်
သေခဲ့သော် ငရဲမလား၊
အရေးကြုံလျှင် အောင်လံလွှင့်
ရဲရင့်စစ်သား။

\- ဒို့တာဝန် အရေးသုံးပါး
ဦးထိပ်ထား အမြဲပန်ဆင်၊
ကတိသစ္စာ မကွယ်ပျောက်
မိုးအောက်မြေပြင်၊
အစဉ်လာကြီးမား သူ့ဂုဏ်အင်
ရာဇဝင်မှာ အထင်ရှားရှိ၊
မြန်မာ့တပ်မတော် ဂုဏ်အစုစုကို
အလေးပြုပါ၏။ ။

**မောင်စိုးငွေ(ကသစ်မြေ)**

# လဲချားမြို့နယ် ဝမ်ဟိုင်းကျေးရွာ၌ ဆိုလာရေသန့်စင်စက် တပ်ဆင်ပြီးစီးမှု စစ်ဆေး

**လဲချား မတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန်ရည်ရွယ်၍ ဝမ်ဟိုင်းကျေးရွာ၌ ဆိုလာရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဝမ်ဟိုင်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုနှင့် သောက်သုံးရေသုံးစွဲမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဆိုလာရေသန့်စင်စက်ကို ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းသွားရန် ဆွေးနွေးမှာကြားသည်။

လဲချားမြို့နယ် ဝမ်ဟိုင်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၈ သိန်းအသုံးပြု၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ဝမ်ဟိုင်းကျေးရွာနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်ပေါ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံ ၁၃၇၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လမြိုင်ကျွန်း မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောသီးနှံစုံ ၁၃၇၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၉၃၆၇ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော သီးနှံစုံများကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၇၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစုံ ၁၉၃၆၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေကို ရိတ်သိမ်းနေပြီး ဒီနေ့ထိစုစုပေါင်း ၁၃၇၁၁ ဧကထိ ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းတာ တွေ့ရှိရပါတယ်။ ဆောင်းသီးနှံတွေလျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ ဈေးကွက်ဝင်အသီးအနှံတွေဖြစ်စေရေးနဲ့စိုက်ပျိုးရေးနည်းပညာတွေ၊ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ရိတ်သိမ်းခဲ့သော သီးနှံစုံများတွင် စပါး တစ်ဧက၊ မြေပဲ ၁၀ ဧက၊ နေကြာ ဧက ၁၆၀၊ မတ်ပဲ ဧက ၈၉၅၀၊ ပဲတီစိမ်း ဧက ၄၅၉၀ စုစုပေါင်း ၁၃၇၁၁ ဧကဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများအားလုံး အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့်ပျက်စီးလေလွင့်မှုမရှိစေရန် စသည့် လုပ်ငန်းများကိုစိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပေါင်းစပ်ဆောင်ရွက်စိုက်ပျိုးရိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**လွိုင်လင် မတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်ရန်ရည်ရွယ်၍ ဆင်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဆင်တောင်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆင်တောင်ကျေးရွာတွင် လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈၇ သန်းအသုံးပြု၍ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်စိုင်**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

ခန်းမလူဝင်ဆံ့မှုလူဦးရေ(၁၂၀၀) (စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။





"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"
# ရတနာပုံ ခန်းမ



Exhibition Vanue Award

**ရရှိနိုင်သောဝန်ဆောင်မှုများ**


ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊
အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှမာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၀၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇




မိုး

သတိပြု

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ တိုးချဲ့(၁)နေ ဦးကျော်စည်သူ-ဒေါ်ခိုင်သီတာကျော်တို့၏သား **မောင်ကောင်းခန့်ကျော် (၉/ခအစ(နိုင်)၀၃၉၅၇၄)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်စည်သူ(၉/မရမ(နိုင်)၀၂၆၈၄၇)**
**ဒေါ်ခိုင်သီတာကျော်(၉/မနတ(နိုင်)၀၀၀၁၃၀)**

Long Style Beauty Saloon

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော်ကျွမ်းကျင် (၅)ဦး

၂။ အလုပ်သင် (မ) (၅)ဦး

66 st × 67 st, 38 st Corner
Ph; 09-2053849

သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ဇီးပင်ကွေ့ကျေးရွာနေ ဦးထွန်းထွန်း+ဒေါ်စန္ဒာဝင်းတို့၏သား **မောင်ရှိုင်းမင်းထက်(၉/တတဥ(နိုင်)၁၃၇၁၈၀)** သည် ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးထွန်းထွန်း(၉/တတဥ(နိုင်)၀၀၆၅၄၆)**

ဥတုရာသီ တောကိုမှီ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားပက်ဒရေးရှင်းနိုင်ငံ ITAR-TASS Media တွေ့ဆုံမှု

စာမျက်နှာ - ၁၉

# မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ တပေါင်းပွဲတော်အခမ်းအနားကျင်းပ



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့်တာဝန်ရှိသူများက တပေါင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ တပေါင်းပွဲတော်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဘုရားကြီးရင်ပြင်တော်၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့်တာဝန်ရှိသူများ၊

**စာမျက်နှာ ၂၄ ကော်လံ ၄ ☆**



ရွှေတိဂုံစေတီတော် ၂၆၁၂ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်အောင်ပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနားကျင်းပ

စာမျက်နှာ - ၂၃

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ သံဃာတော်များ၊သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်

စာမျက်နှာ - ၂၃

စာနာထောက်ထား မေတ္တာတရားဖြင့်
ပြည်ထောင်စုသားချင်း ဝိုင်းဝန်းကူညီ
(ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်)

ဆောင်းပါး စာမျက်နှာ - ၂၅

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၂၂


Central Hotel
YANGON

အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



မင်္ဂလာအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..